မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၇ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီတွင်**

**အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၂/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ"** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

(၁) ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၂) တွဲဖက်အတွင်းရေးမှူး
အကြံပေးအဖွဲ့
အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**ဂုဏ်ထူးဆောင်တံဆိပ်အား ပြန်လည်ရုပ်သိမ်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတသည် စစ်ဥပဒေချုပ်ရုံး၏ ပြစ်မှုမှတ်တမ်းများ အရအပြစ်ပေးခြင်းခံရသောတြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အမှတ်(၉၆၄) ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)မှ

ကိုယ်ပိုင်အမှတ် ၅၃၅၃၈၅ အရာခံဗိုလ်သိန်းထွန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅၊ ပုဒ်မခွဲ (ခ) အရသော်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်အပိုဒ် ၆၇၊ အပိုဒ်ခွဲ (ဃ) နှင့် အပိုဒ် ၆၈ တို့အရလည်းကောင်း နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် စစ်မှုထမ်းကောင်းတံဆိပ် နှင့် မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးစိုးညွန့်(ခ)ဦးပွင့်သာ | ၃၀၃၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးမျိုးညွန့် | ၃၉၄၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးစိုးမြင့် | ၆၀၉၆ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးတင်ဌေး | ၆၉၃၈ | မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း

နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးသက်ထွန်း | ၁၃၂၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးတင်အေး | ၃၇၈၉ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးကျော်ဝင်း | ၅၂၂၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးစန်းတင့်ရီ | ၆၇၂၉ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးမြင့်အောင် | ၆၈၃၄ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၅၄/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးဗိုလ်ကြည် | ၂၇၆၄ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးဆန်းထွန်း | ၃၀၂၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးခင်ထွန်း | ၄၁၁၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးစိုးသိန်း | ၄၇၀၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးထွန်းကြည် | ၆၁၅၉ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးဦးလှမောင် | ၆၃၀၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးတင်ဝင်း | ၆၅၈၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်သင်းခိုင် | ၆၈၃၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးမျိုးမြင့် | ၆၈၃၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်အေးအေးမင်း | ၇၃၄၅ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၆/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးမျိုးချစ် | ၁၃၆၈ | မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးတင်မြင့် | ၁၃၈၄ | မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဦးစန်းလွင် | ၃၀၅၆ | နေပြည်တော် |
| ၄။ | ဦးဟန်ညွန့် | ၃၄၅၂ | နေပြည်တော် |
| ၅။ | ဦးမြညိမ်း | ၆၆၁၁ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

### နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးကျော်စိန် | ၃၆၀၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်ကျင်စန်း | ၄၄၅၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်ခင်မျိုးမြင့် | ၄၄၆၃ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးသန်းမြိုင် | ၅၃၅၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးတိုက်ပိ | ၆၉၁၇ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၈/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

### နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါပြည်နယ်အတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးမင်းသူ | ၂၆၅၂ | ကချင်ပြည်နယ် |
| ၂။ | ဦးသက်ခိုင် | ၁၅၄၆ | ကရင်ပြည်နယ် |
| ၃။ | ဦးနီနီယု | ၁၄၅၆ | မွန်ပြည်နယ် |
| ၄။ | ဦးမျိုးမြင့် | ၁၂၅၄ | ရှမ်းပြည်နယ် |
| ၅။ | ဦးစိန်ဝင်းချမ်း | ၂၃၄၄ | ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၅၉/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးအုန်းကြိုင် | ၃၂၁၅ | မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးမြင့်သိန်း | ၃၅၄၄ | မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဦးပို | ၄၆၁၇ | မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဦးကျော်သောင်း | ၆၄၀၉ | မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဦးမြတ်မင်း | ၇၂၃၃ | မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၆၀/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးအုန်းလှိုင် | ၁၂၇၉ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးစိုးတင့်ရီ | ၁၄၈၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးကိုနီ | ၁၈၄၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်နုနု | ၁၇၅၀ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးအောင်သန်းစိုး | ၁၈၀၃ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၆၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးစောမြင့်ကို | ၄၂၃၂ | နေပြည်တော် |
| ၂။ | ဦးမြတ်လှဦး | ၁၈၀၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးရှိန်လှိုင် | ၁၉၁၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးတက်ဝင်းမြိုင် | ၁၉၅၃ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးအောင်စိုး | ၂၁၈၂ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၆၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးမြဟန် | ၂၇၀၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးချစ်ကိုကို | ၂၈၀၃ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးမြတ်အေး | ၂၉၅၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးသက်ထွန်း | ၃၅၅၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်မာမာလတ် | ၃၉၅၅ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၆၆/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| **စဉ်** | **အမည်** | **တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ်** | **ဒေသ** |
|---|---|---|---|
| ၁။ | ဦးစိုးသိန်း | ၇၉၄၆ | ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးမြလှိုင် | ၅၀၂၄ | မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဦးမြဦး | ၂၅၆၃ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးမြင့်ဆွေ | ၃၇၉၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးထင်ဖော် | ၇၅၄၅ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၆၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါတိုင်းဒေသကြီး/ပြည်နယ်အတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည်-

| **စဉ်** | **အမည်** | **တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ်** | **ဒေသ** |
|---|---|---|---|
| ၁။ | ဦးဘရှိန် | ၂၁၉၂ | ရခိုင်ပြည်နယ် |
| ၂။ | ဦးသိဏ်းချမ်း | ၁၈၃၀ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးစိုးမိုးထွန်း | ၁၈၈၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်ရီရီတင် | ၁၉၉၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးကျော်ဟိုး | ၄၈၃၀ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

အမှတ်။ ၃၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးခင်မောင်ချိုက ယင်း၏ကိုယ်ရေးအရာရှိအဖြစ်ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဦးသိန်းသိန်းကျော် [၉/မခန (နိုင်) ၁၂၁၅၆၀] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံး လစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား**
**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၉၉) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ** သည် ယင်းပါတီ၏အမည်ကို **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ** အမည်သို့ပြောင်းလဲ အသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏ အမည်ကိုပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ပြည်ထောင်စုတောင်သူလယ်သမား အင်အားစုပါတီ** အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများ ) မှ အဆက် ]**

၁၆။ စိစစ်ရေးအဖွဲ့သည် အမှုစိစစ်နေသည့် ကာလအတွင်း ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ချမှတ်ပေးရန် အကြောင်းပေါ်ပေါက်လာလျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြရမည် -

(က) ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ ယာယီသိမ်းဆည်းခွင့်ပြုသည့်အမိန့်၊

(ခ) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းမပြုရန် တားမြစ်သည့်အမိန့်၊

(ဂ) ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် စိစစ်ခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့်အမိန့်၊

၁၇။ စိစစ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ -

(က) စိစစ်ခြင်းခံရသူ၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာနှင့် အခြားစပ်ဆိုင်သောနေရာများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်နှင့် သက်သေခံအဖြစ် ယာယီသိမ်းဆည်းခွင့်၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက တားမြစ်ခွင့်ရှိသည်။

(ခ) စိန်၊ ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်မျက်ရတနာနှင့်သတ္တုများ၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ချိပ်ပိတ်၍ ယာယီသိမ်းဆည်းပြီး မြန်မာ့စီးပွားရေးဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်၊ ယင်းပစ္စည်းများအား ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်း ဖြစ်လိမ့်မည်မဟုတ်ဟု ယုံကြည်ရန် အကြောင်းရှိပါက လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ပုံစံ (၄)ကို ချုပ်ဆိုစေ၍ သိမ်းဆည်းခြင်းခံရသူထံဖြစ်စေ၊ ယင်းက လွှဲအပ်သည့် ကိုယ်စားလှယ်ထံဖြစ်စေ ပြန်လည်အပ်နှံထားနိုင်သည်။

(ဂ) မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်၊ အနေ့းယာဉ် အစရှိသည့် ယာဉ်အမျိုးမျိုး၊ စက်အမျိုးမျိုး၊ ယင်းတို့နှင့် သက်ဆိုင်သောပစ္စည်းများ၊ စာရွက်စာတမ်းများကို ယာယီသိမ်းဆည်းရမည်။ စိစစ်နေသည့် ကာလအတွင်း ယာယီသိမ်းဆည်းထားသောပစ္စည်းကို လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ် ပုံစံ (၄)ကို ချုပ်ဆိုစေ၍ သိမ်းဆည်းခြင်းခံရသူထံ ဖြစ်စေ၊ ယင်းကလွှဲအပ်သည့် ကိုယ်စားလှယ်ထံဖြစ်စေ ပြန်လည်အပ်နှံထားနိုင်သည်။

(ဃ) ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များကို ယာယီသိမ်းဆည်းရမည်။ စိစစ်နေသည့်ကာလအတွင်း ယာယီသိမ်းဆည်းထားသောပစ္စည်းကို လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ပုံစံ (၄)ကို ချုပ်ဆိုစေ၍ သိမ်းဆည်းခြင်းခံရသူထံဖြစ်စေ၊ ယင်းကလွှဲအပ်သည့် ကိုယ်စားလှယ်ထံဖြစ်စေ ပြန်လည်အပ်နှံထားနိုင်သည်။

(င) အိမ်ထောင်ပရိဘောဂများ၊ တူရိယာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သိမ်းဆည်းရန်လိုအပ်ပါက ယာယီသိမ်းဆည်းပြီး စိစစ်နေသည့်ကာလအတွင်း

ယာယီသိမ်းဆည်းထားသော ပစ္စည်းကို လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ် ပုံစံ (၄)ကို ချုပ်ဆိုစေ၍ သိမ်းဆည်းခြင်းခံရသူထံဖြစ်စေ၊ ယင်းက လွှဲအပ်သည့်ကိုယ်စားလှယ်ထံဖြစ်စေ ပြန်လည်အပ်နှံထားနိုင်သည်။

(စ) သက်သေခံပစ္စည်းအဖြစ် ပုံစံ (၂)ဖြင့် ယာယီသိမ်းဆည်းထားသောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့်အမိန့်ကို ရရှိပါက သိမ်းဆည်းခြင်းခံရသူနှင့်ဖြစ်စေ၊ ယင်းကလွှဲအပ်သည့် ကိုယ်စားလှယ်နှင့် ဖြစ်စေ ကတိခံဝန်ချုပ်ကို ပုံစံ (၄)ဖြင့် ချုပ်ဆိုရမည်။

(ဆ) ယာယီသိမ်းဆည်းထားသော ပစ္စည်းများကို ကတိခံဝန်ချုပ်ချုပ်ဆို၍ ပြန်လည်ပေးအပ်ထားရန် ဗဟိုအဖွဲ့က ခွင့်မပြုလျှင် ဖြစ်စေ သို့မဟုတ် လုံလောက်သောခံဝန်ကို တင်ပြနိုင်မှုမရှိလျှင်ဖြစ်စေ သို့မဟုတ် ကတိခံဝန်ချုပ်ကို ဖောက်ဖျက်သဖြင့် အဆိုပါ ကတိခံဝန်ချုပ်ဖြင့် ပစ္စည်းများ ပြန်လည်ပေးအပ်ထားသည့်အမိန့်ကို ရုပ်သိမ်းပြီးနောက်ဖြစ်စေ ယင်းသက်သေခံ ပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ငွေကြေး၊ အဖိုးတန်ကျောက်မျက်ရတနာနှင့်သတ္တုများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေး ဘဏ်တွင် လုံခြုံမှုစနစ်ဖြင့် အပ်နှံထားရှိရမည်၊

(၂) ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များနှင့်ပတ်သက်၍ ယာယီထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ လွှဲပြောင်းအပ်နှံရေးဆောင်ရွက်ရမည်

(၃) ပုပ်သိုး ပျက်စီးလွယ်သော ပစ္စည်းများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ထုခွဲရောင်းချပြီး ရရှိသည့်ငွေကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားရှိ ရမည်၊

(၄) လေယာဉ်နှင့် ရဟတ်ယာဉ်များကို သက်ဆိုင်ရာ လေကြောင်းရဲတပ်ဖွဲ့တွင်လည်းကောင်း၊ ရေယာဉ်များနှင့်ရေယာဉ်သုံးပစ္စည်းများကို သက်ဆိုင်ရာရေကြောင်းရဲတပ်ဖွဲ့တွင်လည်းကောင်း အပ်နှံထားရှိရမည်၊

(၅) နည်းဥပဒေပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄)ပါ ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံတွင် အပ်နှံထားရှိရမည်

(ဇ) နည်းဥပဒေခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့အရ ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏တားမြစ်မိန့်ပုံစံ (၃)ရရှိပြီးမှသာ ပစ္စည်းယာယီသိမ်းဆည်းခြင်း ခံရသူအား ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရမည်

(ဈ) နည်းဥပဒေခွဲ (က)မှ ပုဒ်မခွဲ (စ)ထိတွင် ဖော်ပြထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ငွေကြေးနှင့်ပစ္စည်းများကို သိမ်းဆည်းရာတွင် ပုံစံ (၂) သုံးစောင် ပြုစု၍ သိမ်းဆည်းရမည်။ ထိုပုံစံတွင် စိစစ်ခြင်းခံရသူ သို့မဟုတ် ပစ္စည်းယာယီသိမ်းဆည်းခြင်း ခံရသူ၊ ရှာဖွေသက်သေများနှင့် စိစစ်ရေးအဖွဲ့ခေါင်းဆောင်တို့က လက်မှတ်ရေးထိုးရမည်။ **ပုံစံ (၂)** တစ်စောင်ကို စိစစ်ခြင်းခံရသူ သို့မဟုတ် ပစ္စည်းယာယီသိမ်းဆည်းခြင်း ခံရသူအားပေးရမည်။

(ည) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ငြိစွန်းမှုမရှိကြောင်း စိစစ်တွေ့ရှိချက် အပေါ် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်ရရှိပါက သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသည့် ပစ္စည်းများကို စိစစ်ခြင်းခံရသူထံသို့ **ပုံစံ (၅)** ဖြင့် ပြန်ပေးရမည်။

၁၈။ စိစစ်ရေးအဖွဲ့သည် အစိုးရဌာန၊ အဖွဲ့အစည်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း တစ်ခုခုမှ ငွေကြေးခဝါချမှုနှင့်စပ်ဆိုင်ခြင်း ရှိ/မရှိ စိစစ်ရန် လွှဲပြောင်းပေးသည့် မှုခင်းတွင် မူလအရေးယူထားသည့်အဖွဲ့အစည်းက သက်ဆိုင်ရာဥပဒေအရ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားပြီးသော သို့မဟုတ် တရားရုံးသို့ တင်ပြထားပြီးသော အခြေအနေမျိုး၌ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတစ်ခုခုက စုံစမ်းစစ်ဆေးဆဲကာလအတွင်း သက်သေခံအဖြစ် သိမ်းဆည်းထားခြင်းဖြစ်ပါက ယင်းအဖွဲ့အစည်း၏ သက်သေခံပစ္စည်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများအား စိစစ်ပြီး ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများအား လွှဲပြောင်းရယူရေး ဆောင်ရွက်ခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းက တရားရုံးသို့တင်ပြထားပြီးဖြစ်ပါက အဆိုပါ သက်သေခံပစ္စည်းအား မည်သည့်တရားရုံးတွင် မည်သည့်ပြစ်မှု၌ သက်သေခံပစ္စည်းအဖြစ် တင်ပြထားပြီးဖြစ်သည်ဟူသော အထောက်အထားရယူပြီး ယင်းအထောက်အထားနှင့်တကွ စိစစ်ရေးအဖွဲ့ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတရားရုံး၏ မူလပြစ်မှုဆိုင်ရာ အပြီးသတ်စီရင်ချက်ချမှတ်မှုကို စောင့်ဆိုင်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(၁) သက်ဆိုင်ရာတရားရုံးက မူလပြစ်မှုဖြင့် နိုင်ငံဘဏ္ဍာသိမ်းဆည်းမိန့်ချမှတ်လျှင် စီရင်ချက်မိတ္တူအား ရယူတင်ပြရမည်။

(၂) သက်ဆိုင်ရာတရားရုံးက မူလပြစ်မှုဖြင့် အရေးယူဆောင်ရွက်ခြင်းမရှိပါက ငွေကြေးခဝါချမှုဖြင့် အဆိုပါသက်သေခံပစ္စည်းကို တရားစွဲဆိုအရေးယူနိုင်ရေးအတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့ထံ တင်ပြရမည်။

၁၉။ စိစစ်ရေးအဖွဲ့သည် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ အမှုတွဲနှင့် အတူတင်ပြရမည်။ ထိုအစီရင်ခံစာတွင် ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုအပ်သလို ထည့်သွင်းဖော်ပြရမည်-

(က) ကျူးလွန်သော ပြစ်မှုအမျိုးအစားနှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူများ၏ အမည်၊ အဖအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

(ဂ) စိစစ်ခြင်းခံရသူက ပြည်တွင်းပြည်ပရှိ ငွေကြေးနှင့်ပစ္စည်းများကို စတင်ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် အကျိုးခံစားခဲ့သည့် နေ့ရက်၊

(ဃ) ငွေကြေးသွင်းခြင်း၊ ထုတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပုံနှင့် ထိုသို့ပြုလုပ်သည့် နေ့ရက်၊

(င) ပစ္စည်းအမျိုးအစား၊ ယင်းပစ္စည်းကို ရယူပိုင်ဆိုင်ခဲ့သည့်နည်းလမ်းနှင့် ပိုင်ဆိုင်သည့် လွှဲပြောင်းသည့် နေ့ရက်၊

(စ) ပစ္စည်းများ၏ ခန့်မှန်းခြေကာလတန်ဖိုး၊ တည်ရှိရာနေရာနှင့် စိစစ်သည့် အချိန်တွင် ထိုပစ္စည်းများ မရှိပါက မရှိရသည့်အကြောင်း၊

(ဆ) စိစစ်ခြင်းခံရသူ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပစ္စည်းနှင့်ထိန်းချုပ်မှုအောက်တွင် မရှိသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ အမည်ခံလွှဲပြောင်းထားသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့

လွှဲပြောင်းထားသည့် ပစ္စည်းအမျိုးအစား၊ အခြားသူ ပိုင်ပစ္စည်းနှင့် ရောထွေးနေပြီး သီးခြားခွဲထုတ်ရန် လွယ်ကူသောပစ္စည်း အမျိုးအစားနှင့်လွယ်ကူခြင်း မရှိသော ပစ္စည်းအမျိုးအစားများအပြင် ပစ္စည်းတစ်ခုချင်းအလိုက် ကာလတန်ဖိုး၊

(ဇ) စိစစ်ခြင်းခံရသူ၏ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်း၊

(ဈ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ တင်ပြချက်၊

(ည) ဗဟိုအဖွဲ့ကထုတ်ဆင့်သည့် အမိန့်နှင့်ညွှန်ကြားချက်များအရ မိမိ၏ဆောင်ရွက်ချက်အကျဉ်း၊

(ဋ) သက်သေခံစာတမ်းအမှတ်အသားများနှင့် သက်သေများ၏ စာရင်း၊

(ဌ) စိစစ်တွေ့ရှိချက်၊

(ဍ) သုံးသပ်တင်ပြချက်။

၂၀။ နည်းဥပဒေ ၁၉ ပုဒ်မခွဲ (ဍ)တွင် အောက်ပါအချက်များအပါအဝင် အခြားစပ်ဆိုင်သည့် အကြောင်းခြင်းရာများလည်း ပါဝင်ရမည်-

(က) အမှုဖွင့်အရေးယူရန် သင့် မသင့်၊
(ခ) အရေးယူဆောင်ရွက်သင့်သည့် တရားခံအမည်စာရင်း၊
(ဂ) အမှုဖြင့်သိမ်းဆည်းသင့်သည့် သက်သေခံငွေကြေးနှင့် ပစ္စည်းစာရင်း၊
(ဃ) ပြန်လည်ပေးအပ်သင့်သည့် သက်သေခံ ငွေကြေးနှင့်ပစ္စည်းစာရင်းများ ပြည့်စုံစွာပါဝင်သည့် အခြားသိသင့်သည့် အချက်များ၊
(င) အခြားတည်ဆဲဥပဒေဖြင့် အရေးယူသင့်သည့် ကိစ္စရပ်များ။

၂၁။ စိစစ်ရေးအဖွဲ့သည် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို စတင်ဖွဲ့စည်းတာဝန်ပေးအပ်သည့်နေ့မှစ၍ ရက်ပေါင်း (၆၀)အတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။ သတ်မှတ်ကာလအတွင်း စိစစ်မှုမပြီးဆုံးပါက ကြားဖြတ်အစီရင်ခံစာ ပေးပို့တင်ပြပြီး အချိန်ကာလတိုးမြှင့်ပေးရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တင်ပြရမည်။

၂၂။ စိစစ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏အမှုဖွင့် အရေးယူဆောင်ရွက်ရန် ညွှန်ကြားချက်ကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ မှတစ်ဆင့်ရရှိပါက စိစစ်ရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးမှ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ခြင်း၊ တရားစွဲဆိုခြင်းများ ဆောင်ရွက်ရမည်။

## အခန်း (၅)
## စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) ဗဟိုအဖွဲ့က တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးရေးအမှုတွဲ ဖွင့်လှစ်၍ ဆောင်ရွက်ရမည်။

(ခ) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာကို ဖတ်ရှုလေ့လာပြီး စုံစမ်းစစ်ဆေးရေးအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

(ဂ) စုံစမ်းစစ်ဆေးရန်လိုအပ်သော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းသို့မဟုတ် လူတစ်စုကို စုံစမ်းစစ်ဆေးရန် ဆင့်ခေါ်နိုင်သည်။

(ဃ) လိုအပ်သော သက်သေများကို ထပ်မံစစ်ဆေးခြင်း၊ သက်သေခံချက်များကို ထပ်မံရယူခြင်း ပြုလုပ်နိုင်သည်။

(င) စိစစ်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းယာယီသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့၏ ထွက်ဆိုချက်များအရဖြစ်စေ၊ သက်သေခံအထောက်အထားတစ်ရပ်ကို ထပ်မံစစ်ဆေးရယူရန် လိုအပ်ကြောင်းတွေ့ရှိလျှင် စိစစ်ရေးအဖွဲ့အား ထပ်မံ၍ စိစစ်တင်ပြစေရန် ညွှန်ကြားရမည်။

(စ) စိစစ်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်နှင့် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းယာယီသိမ်းဆည်းခြင်းခံရသူ၊ သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူနှင့် နှစ်ဖက်သက်သေများ၏ အစစ်ခံချက်များ၊ သက်သေခံစာရွက်စာတမ်း အထောက်အထားများကို သုံးသပ်ပြီး အမှုဖွင့်အရေးယူရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် အစီရင်ခံစာကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို စတင်ဖွဲ့စည်းတာဝန်ပေးအပ်သည့် နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ဗဟိုအဖွဲ့သို့ ပြန်လည်တင်ပြရမည်။ သတ်မှတ်ကာလအတွင်း စုံစမ်းစစ်ဆေးမှုမပြီးဆုံးပါက ကြားဖြတ်အစီရင်ခံစာ ပေးပို့တင်ပြပြီး အချိန်ကာလတိုးမြှင့်ပေးရန် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၆)
## သတင်းပို့အဖွဲ့အစည်းများရှိ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း

၂၅။ စိစစ်ရေးအဖွဲ့သည် စိစစ်နေသည့်ကာလအတွင်း သတင်းပို့အဖွဲ့အစည်းများတွင် ထိန်းသိမ်းထားရှိသည့် ငွေကြေးခဝါချမှုနှင့် စပ်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုရေးအတွက် တားမြစ်သည့်အမိန့် ထုတ်ဆင့်နိုင်ရန်လည်းကောင်း၊ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ လိုအပ်ပါက မိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ရရှိရန်လည်းကောင်း အောက်ပါ အချက်အလက်များကို ဖော်ပြပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြရမည် -

(က) စိစစ်တွေ့ရှိချက်အရသိရှိသော ကျူးလွန်သည့်ပြစ်မှု အကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စိစစ်တွေ့ရှိချက်၊

(ဂ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် ဆောင်ရွက်မည့်အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် သက်ဆိုင်သောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ၊

(င) ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်းမှ အရာရှိအမည်နှင့်ရာထူး။

၂၆။ ဗဟိုအဖွဲ့သည် -

(က) စိစစ်ရေးဖွဲ့၏ နည်းဥပဒေ ၂၅ အရ တင်ပြချက်ကို သုံးသပ်လျက် စိစစ်နေသည့်ကာလအတွင်း အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ ယာယီသိမ်းဆည်းခွင့်ပြုသည့်အမိန့်၊

(၂) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရန် တားမြစ်သည့်အမိန့်၊

(၃) ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် စိစစ်ခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့်အမိန့်၊

(ခ) နည်းဥပဒေခွဲ (က)ပါ အမိန့်တစ်ရပ်ရပ်ကို သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူအား ထုတ်ဆင့်ပြီး ယင်းအမိန့်မိတ္တူကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကြီးအကဲထံသို့ ပေးပို့ရမည်။

၂၇။ စိစစ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့က နည်းဥပဒေ ၂၆၊ နည်းဥပဒေပုဒ်မခွဲ (က)အရ ထုတ်ဆင့်သော အမိန့်နှင့်အညီ -

(က) ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူက အပ်နှံသော ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(ခ) လွှဲပြောင်းသော ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်းသည့် သက်သေခံအထောက်အထားကို သိမ်းဆည်းခြင်း၊ တားမြစ်ခြင်း၊

(ဂ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ရွှေ၊ငွေ၊ ကျောက်မျက်ရတနာ၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို မြန်မာ့စီးပွားရေးဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့် စနစ်ဖြင့် အပ်နှံထားရမည်။

## အခန်း (၇)
## သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများ

၂၈။ စိစစ်ရေးအဖွဲ့သည် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တားမြစ်သည့် အမိန့်ချမှတ်ထားသော သို့မဟုတ် ချိပ်ပိတ်ရန်ညွှန်ကြားသော ပစ္စည်းတည်ရှိသည့် နေရာ၌ ယင်းအမိန့် သို့မဟုတ်ညွှန်ကြားချက်ကို အများမြင်သာသော နေရာတွင်ကပ်ထားရမည့်အပြင် သက်ဆိုင်ရာမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရမည်။

(ခ) မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ စိစစ်နေသည့်ကာလအတွင်း ခံဝန်ဖြင့်ပြန်လည်ပေးအပ်ထားရန် စိစစ်ခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူက သို့မဟုတ် ပစ္စည်းတွင် အကျိုးသက်ဆိုင်သူက ခိုင်လုံသောအထောက်အထားတင်ပြ၍ လျှောက်ထားလာလျှင် ဗဟိုအဖွဲ့၏အမိန့်အရ လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ(၄)ဖြင့်ပြန်လည်ပေးအပ်နိုင်သည်။

(ဂ) မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းမပြုပါက ထိုပစ္စည်းတွင် နေထိုင်သူများအားဖယ်ရှားပြီး သော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းရမည်။

(ဃ) ပြန်လည်ပေးအပ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် စပ်လျဉ်း၍ ကတိခံဝန်ချုပ်ကို ဖောက်ဖျက်ပါက ထိုပစ္စည်းတွင်နေထိုင်သူများအား ဖယ်ရှားပြီး သော့ခတ် ချိတ်ပိတ်သိမ်းဆည်းရမည်၊

(င) ချိတ်ပိတ်ထားသည့် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် လုံခြုံစွာထိန်းသိမ်းထားရန် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တာဝန်ပေးအပ်ရမည်။

## အခန်း(၈)
## ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၂၉။ သတင်းပို့အဖွဲ့အစည်းများသည် ဥပဒေ ပုဒ်မ ၂၈အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဌာနတွင်း မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့်ထိန်းချုပ်မှုများကို ပြင်ဆင်ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့သို့ တင်ပြရမည်။ ဗဟိုအဖွဲ့မှ စိစစ်၍ လိုအပ်သလို လမ်းညွှန်ချက်များ ချမှတ်ပေးရမည်။ သတင်းပို့အဖွဲ့အစည်းများသည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းများသည် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများ သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို ရယူအသုံးပြု၍ စိစစ်ခြင်းပြုလုပ်ရမည် -

**(က) ဆက်သွယ်ဆောင်ရွက်သူမှာ လူပုဂ္ဂိုလ်ဖြစ်ပါက ရယူအသုံးပြုစိစစ်ရမည့်အချက်များ**

(၁) အမည်အပြည့်အစုံ၊ (အခြားအမည်များအပါအဝင်)
(၂) အမျိုးသားမှတ်ပုံတင်ကတ် (နိုင်ငံသားစိစစ်ရေးကတ်) နိုင်ငံကူးလက်မှတ်
(၃) အမြဲတမ်းလိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(၄) မွေးသက္ကရာဇ်
(၅) နိုင်ငံသား
(၆) အလုပ်အကိုင်
(၇) ဖုန်းနံပါတ် (ရှိခဲ့လျှင်)
(၈) ဓာတ်ပုံ
(၉) မိတ်ဆက်ပေးသူနှစ်ဦး၏ အမည်နှင့်ငွေစာရင်းအမှတ်များ (ငွေစာရင်းလက်ရှိဖြစ်သူ)

**(ခ) ဆက်သွယ်ဆောင်ရွက်သူမှာ အစုစပ်လုပ်ငန်းများ၊ ပေးရန်တာဝန်ကန့်သတ်ထားသည့် အစုစပ်လုပ်ငန်းများနှင့် ယုံမှတ်အပ်နှံမှုလုပ်ငန်းများ အပါအဝင် ကုမ္ပဏီအဖွဲ့အစည်းနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ ရယူအသုံးပြုစိစစ်ရမည့်အချက်များ**

(၁) ကုမ္ပဏီအမည် သို့မဟုတ် လုပ်ငန်းအမည်
(၂) ရုံးချုပ်လိပ်စာ
(၃) လိပ်စာအပြည့်အစုံ (ဖုန်းနှင့် ဖက်စ်နံပါတ်များအပါအဝင်)
(၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ အသင်းအဖွဲ့စည်းမျဉ်းနှင့် အသင်းအဖွဲ့မှတ်တမ်း
(၅) အစုစပ်လုပ်ငန်းဆိုင်ရာသဘောတူညီချက်
(၆) ယုံမှတ်အပ်နှံခြင်းစာချုပ်
(၇) ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ အမည်နှင့်လိပ်စာများ (ရနိုင်ပါက ဖုန်းနံပါတ်)
(၈) ဒါရိုက်တာများ/ အစုရှယ်ယာဝင်များ/အစုစပ်များ၏ မှတ်ပုံတင်အထောက်အထားများ
(၉) အဆိုပါ ယုံမှတ်အပ်နှံခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းရှင်းလင်းဖျက်သိမ်းသူ၊ ယုံမှတ်အပ်နှံခြင်းခံရသူ၊ ကာကွယ်ပေးသူနှင့် အကျိုးခံစားခွင့်ရှိသူများ၏ မှတ်ပုံတင်အထောက်အထားများ

(၁၀) ငွေစာရင်းဖွင့်ခြင်းနှင့် လည်ပတ်လုပ်ဆောင်ခြင်းအတွက် အာဏာအပ်နှင်းကြောင်း ဘုတ်အဖွဲ့၏ ဆုံးဖြတ်ခြင်း

(၁၁) ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုပြုလုပ်ရန်အတွက် အမှုဆောင်အရာရှိချုပ်သို့မဟုတ် အခြားသော အရာရှိများသို့ ဒါရိုက်တာ ဘုတ်အဖွဲ့၏ အခွင့်အာဏာအပ်နှင်းမှု

(၁၂) ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ကုမ္ပဏီ/ စီးပွားရေးလုပ်ငန်းက ကိုယ်စားလှယ်အဖြစ် အပ်နှင်းခြင်းခံရသည့် လူပုဂ္ဂိုလ်အား စိစစ်အတည်ပြုရန်အတွက် မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထားစာရွက်စာတမ်းများ။

(ဂ) **ဆက်သွယ်ဆောင်ရွက်သူမှာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO) ရယူအသုံးပြုစိစစ်ရမည့် အချက်များ**

(၁) NGO အမည်
(၂) လိပ်စာ
(၃) မှတ်ပုံတင်လက်မှတ်
(၄) NGO ၏ မှန်ကန်ကြောင်းအထောက်အထားလက်မှတ်
(၅) အမှုဆောင်ကော်မတီ၏ အမည်နှင့် လိပ်စာများ
(၆) ဖုန်းအမှတ်
(၇) ငွေစာရင်းလည်ပတ်လုပ်ဆောင်မှုဆိုင်ရာ အမှုဆောင်ကော်မတီ၏ဆုံးဖြတ်ချက်
(၈) NGO ၏ဒါရိုက်တာများ/အရာရှိကြီးများ၏ မှတ်ပုံတင်အထောက် အထားများ၊ အခွင့်အာဏာများ၊
(၉) ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုငွေစာရင်း လည်ပတ်လုပ်ဆောင်ရန် အခွင့်အာဏာအပ်နှင်းမှု
(၁၀) NGO အားကိုယ်စားပြု၍ ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်အာဏာအပ်နှင်းခြင်းခံထားရသည့် လူပုဂ္ဂိုလ်အား အတည်ပြုစိစစ်ရန်အတွက် မှတ်ပုံတင်အထောက်အထား စာရွက်စာတမ်းများ

၃၁။ နည်းဥပဒေ ၃၀အရ ဆောင်ရွက်ရာတွင် -

(က) တွဲဖက်ငွေစာရင်း (Joint Account) ဖြစ်ပါက ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် အထက်ဖော်ပြပါ သတင်းအချက်အလက်များကို ယင်းငွေစာရင်းတွင် ပါဝင်သက်ဆိုင်သူ အားလုံးထံမှ ရယူရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများသည် ကုမ္ပဏီ/စီးပွားရေးလုပ်ငန်းကပေးအပ်သည့် သတင်းအချက်အလက်များမှန်ကန်မှုရှိ /မရှိကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် တိုက်ဆိုင်အတည်ပြုစိစစ်ရမည်။

(ဂ) နိုင်ငံခြားကုမ္ပဏီများ သို့မဟုတ် နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော စီးပွားရေး အဖွဲ့အစည်းများအတွက်မူ နှိုင်းယှဉ်နိုင်သော အထောက်အထားစာရွက်စာတမ်းများရယူထားရမည်။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နိုင်ငံခြားရေးရုံးက မှန်ကန်ကြောင်းနှင့် မြန်မာနိုင်ငံသံရုံးက အတည်ပြုထောက်ခံကြောင်းလက်မှတ်များ တင်ပြစေခြင်းအပါအဝင် အဆိုပါကုမ္ပဏီသို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများက ပေးအပ်သည့် အထောက်အထား စာရွက်စာတမ်းများအားလုံးကို အတည်ပြုစိစစ် ပြုလုပ်ရမည်။

၃၂။ သတင်းပို့အဖွဲ့အစည်းများသည် အသက်အာမခံ သို့မဟုတ် အခြားသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုင်ရာ အာမခံနှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အပေါ် အလေးထားစိစစ်ရာတွင် အောက်ဖော်ပြပါနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ရမည် -

(က) ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဖြစ်သော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းများ၏ စပ်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည့်စုံစွာရယူထားရှိခြင်း၊

(ခ) သွင်ပြင်လက္ခဏာအရသော်လည်းကောင်း၊ အဆင့်အတန်းအရလည်းကောင်း၊ (ဥပမာ- အာမခံထားသည့် အချိန်တွင် ရှိသည့် အိမ်ထောင်ဖက် သို့မဟုတ်သားသမီး)၊ အခြားသောနည်းလမ်းများအရလည်းကောင်း (ဥပမာ၊ သေတမ်းစာအရ) သတ်မှတ်ခြင်းခံထားရသည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏အမည်နှင့် လုံလောက်သောသတင်း အချက်အလက်များကို ရယူထားရှိခြင်း၊

(ဂ) ငွေထုတ်ပေးသည့် အချိန်တွင် အမှန်တကယ်အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား မှန်/မမှန်စစ်ဆေးအတည်ပြုခြင်း။

၃၃။ သတင်းပို့အဖွဲ့အစည်းတစ်ခုသည် နည်းဥပဒေ ၃၁ပါနည်းလမ်းများကို ဆောင်ရွက်ရန် ခက်ခဲသည့်အခါ သံသယဖြစ်ဖွယ် လွှဲပြောင်းချက်များအဖြစ်သုံးသပ်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တင်ပြရမည်။

၃၄။ သတင်းပို့အဖွဲ့အစည်းများသည် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် အတည်ပြုစိစစ်ခြင်း အထောက်အထား အားလုံး၏ ရှင်းလင်းသော မိတ္တူများအား ရယူထားရှိရမည်။

၃၅။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ဖော်ပြပါ အခြေအနေမှတစ်ပါး နည်းဥပဒေ ၃၉နှင့် ၄၀တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူမည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခြင်း လုပ်ထုံးလုပ်နည်းများ ပြီးပြည့်စုံစွာ ဆောင်ရွက်ရမည် -

(က) လက်တွေ့ဆောင်ရွက်လျှင် ဆောင်ရွက်ခြင်း မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်နိုင်သည့်အခါ၊

(ခ) ပုံမှန်စီးပွားဆက်ဆံဆောင်ရွက်ချက်ကို အနှောက်အယှက်မဖြစ်စေရန်အတွက် မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်သည့်အခါ

(ဂ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်သည့်အခါ။

၃၆။ သတင်းပို့အဖွဲ့အစည်းများသည် မိမိတို့၏ ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြီးစီးမီ လုပ်ငန်းဆောင်ရွက်ပေးပါက ယင်းဆက်သွယ်ဆောင်ရွက်သူနှင့် စပ်လျဉ်း၍ လွှဲပြောင်း ဆောင်ရွက်မှုအရေအတွက်၊ အမျိုးအစားများနှင့် ပမာဏတို့ကို ကန့်သတ်ခြင်းကဲ့သို့သော အနိမ့်ဆုံးလိုအပ်ချက်သတ်မှတ်ထားရှိဆောင်ရွက်ရမည်။

၃၇။ သတင်းပို့အဖွဲ့အစည်းများသည် အန္တရာယ်အဆင့်မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များ တိုးမြှင့်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည် -

(က) ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော ပမာဏကြီးမားသည့်လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားရေးတွက်ခြေကိုက်ပုံမရှိသော သို့မဟုတ် တရားဝင်ရည်ရွယ်ချက်မရှိသောပုံမှန်မဟုတ်သည့် လွှဲပြောင်းဆောင်ရွက်မှုပုံစံအားလုံး၏ နောက်ခံအကြောင်းတရားနှင့် ရည်ရွယ်ချက်ကို စစ်ဆေးခြင်း။

(ခ) နည်းဥပဒေခွဲ(က)ပါလွှဲပြောင်းဆောင်ရွက်မှုများ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်မှုများသည် ပုံမှန်ဟုတ်မဟုတ် သို့မဟုတ် သံသယဖြစ်ဖွယ်ရှိ မရှိဆုံးဖြတ်ရန်အလို့ငှာ စီးပွားဆက်ဆံ ဆောင်ရွက်မှုအပေါ် စောင့်ကြည့်စစ်ဆေးခြင်းကို တိုးမြှင့်ခြင်း၊

(ဂ) ဆက်သွယ်ဆောင်ရွက်သူနှင့်စပ်လျဉ်း၍ နောက်ထပ်သတင်းအချက်အလက်များရယူခြင်း (ဥပမာ ဆက်သွယ်ဆောင်ရွက်သူ၏ အလုပ်အကိုင်၊ ပိုင်ဆိုင်မှုပမာဏ၊ ရရှိသော သတင်းအချက်အလက်များ) နှင့် ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့ကို အတည်ပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များအား နောက်ဆုံးအခြေအနေနှင့် အညီဖြစ်စေရန် ပြင်ဆင်ခြင်း။

(ဃ) နည်းဥပဒေခွဲ(က)ပါ လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် စီးပွားဆက်ဆံဆောင်ရွက်မှုဆိုင်ရာ နောက်ထပ်သတင်းအချက်အလက်များရယူခြင်း။

(င) ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးများသို့မဟုတ် ပိုင်ဆိုင်မှုများ၏ အရင်းအမြစ်ဆိုင်ရာ သတင်းအချက်အလက် များရယူခြင်း။

(စ) စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ရန် သို့မဟုတ် ဆက်လက်ပြုလုပ်ရန် အကြီးတန်းစီမံခန့်ခွဲသူ၏ ခွင့်ပြုချက်ကို ရယူခြင်း။

(ဆ) လိုက်နာဆောင်ရွက်ရမည့် စိစစ်မှုအရေအတွက်နှင့် ကြိမ်နှုန်းတို့ကို တိုးမြှင့်ခြင်းနှင့် ထပ်လောင်းစစ်ဆေးရန်လိုအပ်သော လွှဲပြောင်းဆောင်ရွက်မှုပုံစံများကို ရွေးချယ်ခြင်းအားဖြင့် စီးပွားဆက်ဆံဆောင်ရွက်မှုအပေါ် စောင့်ကြည့်စစ်ဆေးမှုကို တိုးမြှင့်ပြုလုပ်ခြင်း၊

၃၈။ သတင်းပို့အဖွဲ့အစည်းများသည် အန္တရာယ်အဆင့်မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူများအတွက် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်အဆင့်တိုင်းတွင် တိုးမြှင့်အလေးထားစိစစ်ခြင်းကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းများသည် မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုစိစစ်ရန်အတွက် ကိုယ်တိုင်လာရောက်ခြင်းမရှိသော ဆက်သွယ်ဆောင်ရွက်သူများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများပြုလုပ်ရာတွင် အောက်ပါအချက်များပါဝင်သော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းကို တိုးမြှင့် ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ တရားဝင်စာရွက်စာတမ်းအထောက်အထား များ ရယူခြင်း၊

(ခ) ထပ်မံလိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများရယူခြင်း၊ လွတ်လပ်သည့် အတည်ပြုစိစစ်ခြင်းဆောင်ရွက် ချက်များတိုးမြှင့်ပြုလုပ်ခြင်း သို့မဟုတ် လာရောက်ခြင်းမရှိသော ဆက်သွယ်ဆောင်ရွက်သူ ကိုယ်တိုင်လာရောက်စေခြင်း။

၄၀။ အသက်အာမခံထားခြင်းအတွက် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူသည် ဩဇာတိက္ကမရှိသူ သို့မဟုတ် အန္တရာယ်အဆင့် မြင့်မားကြောင်းသတင်းပို့အဖွဲ့အစည်းများက စိစစ်တွေ့ရှိချိန်တွင် ဤနည်းဥပဒေတွင် ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်ရမည့်အပြင် -

(က) ငွေထုတ်ပေးခြင်းမပြုလုပ်မီ အကြီးတန်းစီမံခန့်ခွဲသူထံသို့ သတင်းပို့ရမည်၊

(ခ) အာမခံထားရှိသူအား ဆက်သွယ်ဆောင်ရွက်သူကို အလေးထားစိစစ်ခြင်းလုပ်ငန်းတိုးမြှင့် ဆောင်ရွက်ရမည်၊

(ဂ) ငွေထုတ်ယူခြင်းကို သံသယဖြစ်ဖွယ် လွှဲပြောင်းမှုအဖြစ်သုံးသပ်၍ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ဆက်သွယ်ဆောင်ရွက်သူသည် သူတစ်ဦးကိုယ်စား သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကိုယ်စား ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆုံးဖြတ်ပါက သတင်းပို့အဖွဲ့အစည်းများသည် သက်ဆိုင်သည့်သတင်း အချက်အလက်များ သို့မဟုတ် အားထားလောက်သည့် အရင်းအမြစ်များမှ တစ်ဆင့်ရရှိသည့်သတင်း အချက်အလက်များကို အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ အထောက်အထားများကို နည်းဥပဒေ ၃၀ နှင့် ၃၁ တွင် ဖော်ပြထားသည့်အချက်များ ပြည့်စုံလုံလောက်သည်အထိ အတည်ပြုစစ်ဆေးရမည်။

၄၂။ သတင်းပို့အဖွဲ့အစည်းများသည် အခြားသောကုမ္ပဏီ၊ အဖွဲ့အစည်းများ သို့မဟုတ် ဥပဒေအရ အခြားသူ တစ်ဦးကိုယ်စား ငွေကြေး/ ပစ္စည်း လွှဲပြောင်းလက်ခံ ဆောင်ရွက်ခွင့်ရှိသော အောက်ဖော်ပြပါ ဆက်သွယ် ဆောင်ရွက်သူ၏ ပိုင်ဆိုင်မှု သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းမှု ပုံစံကို နားလည်သဘောပေါက်စေရန်အတွက် လုံလောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရမည် -

(က) ကုမ္ပဏီအဖွဲ့အစည်းများနှင့်ပတ်သက်၍ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခြင်း ပြုလုပ်ရာတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ဆောင်ရွက်ခြင်း -

(၁) ယင်းကုမ္ပဏီ၊ အဖွဲ့အစည်း၏ ပိုင်ဆိုင်မှု (၂၅)ရာခိုင်နှုန်းအထက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် ပုဂ္ဂိုလ်၊

(၂) ယင်းကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိသည့်ပုဂ္ဂိုလ်။

(ခ) ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက် မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခြင်းကို စာရင်းရှင်းလင်းဖျက်သိမ်းပေးသူ၊ ယုံမှတ်အပ်နှံခြင်းခံရသူ၊ ကာကွယ်စောင့်ရှောက်သူ၊ အကျိုးခံစား ခွင့်ရှိသူပိုင်ရှင် သို့မဟုတ် အလားတူအဆင့်အတန်းရှိသည့်ပုဂ္ဂိုလ်၊

၄၃။ သတင်းပို့အဖွဲ့အစည်းများသည် ဥပဒေပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးရန်အတွက် ကွန်ပျူတာဖြင့် အလိုအလျောက် စစ်ဆေးသောစနစ်ကဲ့သို့သော လုပ်ထုံး လုပ်နည်းများကို ချမှတ်ဆောင်ရွက်ရမည်။

၄၄။ သတင်းပို့အဖွဲ့အစည်းများသည် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးမှုပြုလုပ်ရာတွင် မိမိတို့သိရှိပြီး ဖြစ်သော ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်များ၊ စီးပွားရေးဆိုင်ရာလုပ်ကိုင် ဆောင်ရွက်မှုများ၊ လိုအပ်ပါက ငွေကြေးအရင်းအမြစ်များသည် ၎င်း၏ လွှဲပြောင်းဆောင်ရွက်မှု များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်းပါဝင်ရမည်။ ထို့အပြင် လွှဲပြောင်းဆောင်ရွက်မှုပမာဏနှင့် ထုထည်ကိုလည်းကောင်း၊ လွှဲပြောင်းဆောင်ရွက်မှုအမျိုးအစားကိုလည်းကောင်း ကြိုတင်ကန့်သတ်ခြင်းများကို ထည့်သွင်း ဆောင်ရွက်ရမည်။

၄၅။ စတင်လွှဲပြောင်းသည့်ဘဏ်သည် ကြေးနန်းသို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေကြေး လွှဲပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို ငွေလွှဲလက်ခံသည့်ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က တောင်းခံချက်အား လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းချိန် (၃) ရက်အတွင်း ပေးအပ်နိုင်ရေး စီစဉ်ထားရှိရမည်။

၄၆။ ပြည်တွင်းလွှဲပြောင်းဆောင်ရွက်မှုမှအပ နိုင်ငံဖြတ်ကျော်၍ ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုတွင် ကနဦးစတင်လွှဲပြောင်းသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်အတွက် နည်းပညာ ကန့်သတ်ချက်ကြောင့် အတားအဆီးဖြစ်နေပါက ကြားခံဘဏ်

အနေဖြင့် စတင်ငွေလွှဲပြောင်းသည့်ဘဏ် သို့မဟုတ် အခြားသောကြားခံ ဘဏ်ထံမှ လက်ခံရရှိသော သတင်းအချက်အလက်အားလုံးကို စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါ လွှဲပြောင်း ဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ အနည်းဆုံး ငါးနှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၄၇။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဆုံးဖြတ်နိုင်ရန်အတွက် ထိရောက်သော အန္တရာယ်အခြေပြု ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထားရှိရမည် -

(က) ကနဦးစတင်လွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူတို့၏ လိုအပ်သော သတင်းအချက်အလက်များ မပါရှိသော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုတစ်ရပ်ကို ဆောင်ရွက်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သတင်းပို့ခြင်း၊

(ခ) စီးပွားဆက်ဆံဆောင်ရွက်မှုကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်စဲခြင်းအပါအဝင် သင့်လျော်သည့် နောက်ဆက်တွဲ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

၄၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုအတွက် ငွေလွှဲလက်ခံသည့်ဘဏ်သည် ယခင်က မှတ်ပုံတင်အထောက်အထားအား စိစစ်ခဲ့ခြင်းမရှိပါက အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ မှတ်ပုံတင်အထောက်အထားကို စိစစ်ရမည့်အပြင် အဆိုပါ သတင်းအချက်အလက်ကို နည်းဥပဒေတွင် ပါရှိသည့် မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၄၉။ နည်းဥပဒေ ၄၈ တွင် သတ်မှတ်ထားသည့်လိုအပ်ချက်များအပြင် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေကြေး လွှဲပြောင်းမှုနှင့်ပတ်သက်၍ စတင်ငွေလွှဲပြောင်းသည့် ဘဏ် သို့မဟုတ် ငွေလွှဲလက်ခံသည့် ဘဏ်တို့သည် အောက်ဖော်ပြပါ လွှဲပြောင်းဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည် -

(က) သတ်မှတ်ပမာဏထက် ကျော်လွန်သည့် မည်သည့်နိုင်ငံခြားသုံးငွေကိုမဆို နိုင်ငံဖြတ်ကျော်ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့်ငွေကြေး လွှဲပြောင်းမှု၊

(ခ) သတ်မှတ်ပမာဏထက် ကျော်လွန်သည့် ပြည်တွင်း ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှု၊

(ဂ) ကနဦးစတင်လွှဲပြောင်းသူ၏ သတင်းအချက်လက်များ မပြည့်စုံသည့် သို့မဟုတ် မရရှိနိုင်သည့် လွှဲပြောင်းမှု။

၅၀။ သတင်းပို့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးသို့မဟုတ် ပစ္စည်းများဖြစ်သည် သို့မဟုတ် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်နေသည်ဟု သံသယဖြစ်ရန် ခိုင်လုံသည့် အကြောင်းရှိသည့်အခါ မိမိတို့၏သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ သတ်မှတ်ထားသည့် ပုံစံ (၆) ဖြင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ဆောလျင်စွာ သတင်းပို့ရမည်။

၅၁။ ဥပဒေပုဒ်မ ၃၂ နှင့်အညီ သတင်းပို့အဖွဲ့အစည်းများသည် ဗဟိုအဖွဲ့က သတင်းပို့ရန် သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်သော လွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေ

ပုဒ်မ ၁၀၊ ပုဒ်မ (က) အရ သတ်မှတ်ထားသည့် ပုံစံ (၇)ပါ သက်ဆိုင်ရာပုံစံဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ဆောလျင်စွာသတင်းပို့ရမည်။ အကယ်၍ သတင်းပို့အဖွဲ့ အစည်းသည် မြို့ပေါ်ဒေသတွင်ရှိပါက (၂၄) နာရီအတွင်း သို့မဟုတ် သတင်းပို့အဖွဲ့ အစည်းသည် ဝေးလံသောအရပ်ဒေသတွင်ရှိပါက သုံးရက်အတွင်း သတင်းပို့ရမည်။

၅၂။ သတင်းပို့အဖွဲ့ အစည်းများသည် အမည်မဖော်လိုသော ငွေစာရင်းများ သို့မဟုတ် နာမည်အစစ်အမှန်မဟုတ်ကြောင်းပေါ်လွင်သည့် ငွေစာရင်းများနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့ထံ ဆောလျင်စွာ သတင်းပို့ရမည်။

၅၃။ သတင်းပို့အဖွဲ့အစည်းများသည် ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲငယ် (ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ ခန့်အပ်ရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ သင့်လျော်သည့် အတွေ့အကြုံနှင့် အရည်အချင်းရှိသူကို ခန့်အပ်ရမည့်အပြင် လွတ်လပ်စွာဆောင်ရွက်နိုင်ရန်နှင့် အကြီးတန်းစီမံအုပ်ချုပ်သူထံသို့ သတင်းပို့ရန်တို့ အတွက် လုပ်ပိုင်ခွင့်များအပ်နှင်းထားရမည်။

၅၄။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့ထံသို့ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ၏ အမည်၊ အရည်အချင်း၊ လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာတို့ အပါအဝင် ကိုယ်ရေးအချက်အလက်များကို ပေးအပ်ရမည်။ သတင်းပို့အဖွဲ့အစည်းများသည် အကောင်အထည်ဖော် ဆောင်ရွက်ရေး အရာရှိနှင့် ပတ်သက်၍ တစ်စုံတစ်ရာအပြောင်းအလဲရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေး အာဏာပိုင်တို့ထံသို့ ချက်ချင်းအကြောင်းကြားရမည်။

၅၅။ သတင်းပို့အဖွဲ့ အစည်းများ၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် ယင်းသို့သော အခြားစီမံခန့်ခွဲရေး အဖွဲ့များသည် မိမိအဖွဲ့ အစည်း၏ ဥပဒေနှင့်အညီ လိုက်နာရန်လိုအပ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ၏ လိုက်နာဆောင်ရွက်မှုများနှင့် ပတ်သက်၍ အခါအားလျော်စွာ ပြန်လည်သုံးသပ်မှုကို ပြုလုပ်ရမည်။

၅၆။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည် ဒါရိုက်တာအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ ထံ အောက်ပါအချက်များ ပါဝင်သည့် ပုံမှန်အစီရင်ခံစာများ တင်ပြရမည် -

(က) ဖော်ထုတ်ရရှိသည့် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုများ၊ ပါဝင်ပတ်သက်မှုများ၊

(ခ) မိမိတို့ သတင်းပို့အဖွဲ့ အစည်း၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့် ထိန်းချုပ် ဆောင်ရွက်မှုများ အားကောင်းစေရန် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဝန်ထမ်းများ၏ ဆောင်ရွက်မှုများနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်ရှိ လွတ်လပ်သော စာရင်းစစ်ဆေးမှု ရလဒ်များ။

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့က ဆောင်ရွက်သည့် ကွင်းဆင်းစစ်ဆေးခြင်း တစ်စုံတစ်ရာ၏ ရလဒ်များ၊

(ဃ) မိမိတို့ သတင်းပို့အဖွဲ့ အစည်းက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းချက် လျော့ပါးရေး ဆောင်ရွက်ချက်များ။

၅၇။ သတင်းပို့အဖွဲ့အစည်းများသည် မိမိတို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များ၊ ထိန်းချုပ်ဆောင်ရွက်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေးအရာရှိနှင့် ဝန်ထမ်းများက ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း ရှိ/မရှိ စစ်ဆေးရန် စွမ်းရည်ပြည့်ဝသည့် ကျွမ်းကျင်သူများ စီမံထားခြင်း၊ လွတ်လပ်သည့် စစ်ဆေးခြင်းလုပ်ငန်းစဉ် ထားရှိခြင်းများ ပြုလုပ်ရမည်။

၅၈။ သတင်းပို့အဖွဲ့အစည်းများသည် ဝန်ထမ်းများအား ငှားရမ်းခန့်ထားသည့်အခါ သင့်လျော်သည့် စံနှုန်းများရှိစေရေးအတွက် ဝန်ထမ်းများအား စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများကို သတင်းပို့အဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် အခြားသောအလားတူ စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားရှိရမည်။ ဝန်ထမ်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများတွင် အောက်ပါတို့ ပါဝင်စေရမည် -

(က) ဝန်ထမ်းသည် မိမိ၏ တာဝန်များကို ထမ်းဆောင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုအရည်အချင်း မြင့်မားစွာရှိခြင်း၊

(ခ) ဝန်ထမ်းသည် သတင်းပို့အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် သင့်လျော်သည့် အရည်အချင်းနှင့် ဂုဏ်သိက္ခာရှိခြင်း၊

(ဂ) ဝန်ထမ်း၏ ဘဏ္ဍာရေးနောက်ခံအခြေအနေအပါအဝင် အကျိုးစီးပွားများ ပဋိပက္ခဖြစ်နိုင်မည့် အလားအလာများကို ထည့်သွင်းစဉ်းစားခြင်း၊

(ဃ) ညီညွတ်ကိုက်ညီမှုရှိသည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(င) လိမ်လည်မှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားသောအလားတူပြစ်မှုများဖြင့် တရားစွဲဆိုခံခဲ့ရခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ရသူများအား သတင်းပို့အဖွဲ့အစည်းများက ဝန်ထမ်းအဖြစ် ခန့်ထားမှု မပြုလုပ်ခြင်း။

## အခန်း (၉)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၅၉။ ကြီးကြပ်ရေးအာဏာပိုင်များသည် မိမိတို့တာဝန်ခံဆောင်ရွက်ရသည့် သတင်းပို့ အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များအပေါ် အကဲဖြတ်ခြင်းလုပ်ငန်းကို အနည်းဆုံးသုံးနှစ်လျှင် တစ်ကြိမ် ပြုလုပ်ပြီး တွေ့ရှိချက် အစီရင်ခံစာကို ဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။ အစီရင်ခံစာ မိတ္တူတစ်စောင်ကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးအပ်ရမည်။

၆၀။ ကြီးကြပ်ရေးအာဏာပိုင်များသည် မိမိတို့ကြီးကြပ်ရသည့် သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်ရာမှ ဖော်ထုတ်ရရှိသော အန္တရာယ်များအပေါ် လုံလောက်သည့် စိစစ်အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များ လျော့ပါးစေရေးအတွက် စီမံခန့်ခွဲခြင်း၊ မိမိတာဝန်ယူရသည့် သတင်းပို့အဖွဲ့အစည်းကို ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။ သတင်းပို့အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များအပေါ် ထပ်မံဖြည့်စွက်ရမည့် လိုအပ်ချက်များကို သတ်မှတ်ပေးရမည်။

၆၁။ ကြီးကြပ်ရေးအာဏာပိုင်များသည် မိမိတို့တာဝန်ယူကြီးကြပ်ရသည့် သတင်းပို့အဖွဲ့အစည်းများ၏ လိုက်နာဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းခွင့်များသို့ နေ့ရက်နှင့် အချက်အလက်တို့ကို

အကြောင်းကြား၍ သွားရောက်စစ်ဆေးနိုင်သည့်အပြင် လုပ်ငန်းခွင်ပြင်ပ ကြီးကြပ်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်စစ်ဆေးခြင်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ အဖွဲ့အစည်းများထံမှ လုပ်ငန်း ဆောင်ရွက်ချက်၊ စာရင်းဇယားများကို ပုံစံသတ်မှတ်၍ဖြစ်စေ၊ ပုံစံ သတ်မှတ်ထားရှိခြင်းမရှိဘဲဖြစ်စေ အချိန်ကာလသတ်မှတ်၍ တောင်းယူ စစ်ဆေးနိုင်သည်။

၆၂။ ကြီးကြပ်ရေးအာဏာပိုင်များသည် ဥပဒေပုဒ်မ ၃၇ အရ ကြီးကြပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို သတင်းပို့ အဖွဲ့အစည်းများအပေါ် ချမှတ်ပါက ချမှတ်သည့်နေ့မှ ခုနှစ်ရက်အတွင်း ထိုသို့ ဆောင်ရွက်ချက်ကို ဗဟိုအဖွဲ့သို့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် အစီရင်ခံ တင်ပြရမည်။

၆၃။ ကြီးကြပ်ရေးအာဏာပိုင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင် နိုင်ရေးအတွက် လိုအပ်သော နည်းပညာအကူအညီများကို ဗဟိုအဖွဲ့ထံမှလည်းကောင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှလည်းကောင်း တောင်းခံရယူနိုင်သည်။

## အခန်း (၁၀)
## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု

၆၄။ ဥပဒေပုဒ်မ ၃၉ အရ တရားဝင်ကြေညာရာ၌ အသုံးပြုသည့်ပုံစံကို သတ်မှတ်ရာတွင် အကောက်ခွန် ဦးစီးဌာနသည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၆၅။ အကောက်ခွန်ဦးစီးဌာနသည် ဥပဒေပုဒ်မ ၄၂ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဌာနသို့ သတင်းအချက်အလက်များ ပေးပို့ရာတွင် ပုံစံ (၇)ဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပေးပို့ရမည်။

## အခန်း (၁၁)
## နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း

၆၆။ ဗဟိုအဖွဲ့သည် ဥပဒေ ၅၃ ပါပြဋ္ဌာန်းချက်များအပြင် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည် -

(က) နားလည်မှု စာချွန်လွှာများ၊ သဘောတူညီချက်များ၊ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ လက်မှတ် ရေးထိုးခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေပညာရှင်များ၊ အီလက်ထရောနစ်ပညာရှင်များ၊ ငွေကြေးဆိုင်ရာကျွမ်းကျင်သူများနှင့် အခြားသက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း။

## အခန်း (၁၂)
## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ

၆၇။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၅၆ ပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေကိုသုံးစွဲရာတွင် သီးခြားသတ်မှတ်ရေးဆွဲသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်။

၆၈။ ယင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေနှင့် ပတ်သက်၍ ဌာနတွင်း စာရင်းစစ်၏ စစ်ဆေးမှုကိုလည်းကောင်း၊ လိုအပ်ပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုလည်းကောင်းခံယူ၍ စာရင်းစစ်အစီရင်ခံစာကို အများပြည်သူသိရှိစေရန် နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

၆၉။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် အသုံးပြုနိုင်သည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အသိပညာမြှင့်တင်ရေးနှင့် ပတ်သက်သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ကြီးမှူးကျင်းပဆောင်ရွက်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးဆွေးနွေးမှုများ၊ သင်တန်းများ အစည်းအဝေးများ၊ ဥပဒေနှင့် လက်ကမ်းစာစောင်ဖြန့်ဝေမှုများ၊ နှစ်ချုပ်အစီရင်ခံစာ ပြုစုပုံနှိပ်ဖြန့်ဝေခြင်းများ၊

(ခ) နိုင်ငံတကာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်သည့် ခရီးသွားလာနေထိုင်စရိတ်များ၊

(ဂ) စုံစမ်းစစ်ဆေးခြင်းဆောင်ရွက်နေသည့်ကာလအတွင်း ယာယီသိမ်းဆည်းထားသော သက်သေခံပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များ။

၇၀။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ဥပဒေပုဒ်မ ၅၇ နှင့် နည်းဥပဒေ ၇၅ တို့တွင် ပါရှိသည့် ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို ဗဟိုအဖွဲ့က ဖွဲ့စည်းပေးထားသည့် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျခံသုံးစွဲနိုင်သည်။ အဆိုပါ ကျခံသုံးစွဲမှုများကို စာရင်းစစ်ဆေးခြင်း ခံယူနိုင်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

၇၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေများ ထိန်းသိမ်းထားရှိရန်အတွက်လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်များအနေဖြင့် ငွေစာရင်းလွှဲပြောင်း ပေးပို့သည့်နည်းလမ်းဖြင့် လှူဒါန်းရာတွင် အဆင်ပြေလွယ်ကူစေရန် အတွက်လည်းကောင်း နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ငွေစာရင်းတစ်ရပ်ဖွင့်လှစ်ထားရှိရမည်။

## အခန်း (၁၃)
## အထွေထွေ

၇၂။ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့အပါအဝင် တရားဥပဒေစိုးမိုးရေးအဖွဲ့များသည် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ရှာဖွေ မိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း၊ တရားစွဲတင်ပို့ခြင်းတို့ ဆောင်ရွက်ရာ၌ နည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၃။ စစ်ဆေးချက်များကိုဖတ်ပြပြီး စစ်ဆေးချက်စာမျက်နှာတိုင်းတွင် စစ်ဆေးခြင်းခံရသူအား လက်မှတ်ရေးထိုးစေ၍ စစ်ဆေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့၊ စိစစ်ရေးအဖွဲ့ဝင်များကလည်း လက်မှတ်ရေးထိုးရမည်။

၇၄။ သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများနှင့် ကြီးကြပ်ရေးအာဏာပိုင်များသည် စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများအားဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရမည်။

၇၅။ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရန် တာဝန်ရှိသူများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့်များကိုလည်းကောင်း ရယူသုံးစွဲခွင့်ရှိသည်။

၇၆။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ သတင်းပေးသူ၏ အမည်ကို လျှို့ဝှက်ထားရှိပြီး ဥပဒေအရ လိုအပ်သည့် အကာအကွယ်ပေးရန် အစီအမံများ ပြုလုပ်ရမည်။ ထို့ပြင် ပြစ်မှုအတိုင်းအတာပမာဏအပေါ် မူတည်၍ အောက်ပါပုဂ္ဂိုလ်များအား ဆုငွေချီးမြှင့်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည် -

(က) ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတင်းပေးသူ၊

(ခ) လျှို့ဝှက်အမာခံ သတင်းပေးသူ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် ကူညီထောက်ပံ့ပေးသည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်သူများ။

၇၇။ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများသည် မိမိတို့ စုံစမ်းစစ်ဆေးနေသော သို့မဟုတ် စစ်ဆေးစီရင်နေသော မှုခင်းကိစ္စရပ်များမှတစ်ဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ကျူးလွန်ဖွယ်ရာရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ဆောလျင်စွာအကြောင်းကြားရမည်။

၇၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဥပဒေပုဒ်မ ၂၇ (ဃ) (၃) နှင့် ၂၇ (ဆ) အရ ကြေးနန်းသို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုအတွက် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများက လိုက်နာရမည့် ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းထုတ်ပြန်ပြီးသည့်နောက် ဗဟိုအဖွဲ့သို့လည်းကောင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့လည်းကောင်း မိတ္တူပေး ပို့ရမည်။

၇၉။ ဥပဒေပုဒ်မ ၆၉ (ဂ) အရ အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်သော အဖွဲ့အစည်းသည် မိမိကြီးကြပ်ရသည့် အဖွဲ့အစည်းက ဥပဒေအရ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများအား စဉ်ဆက်မပြတ်သုံးသပ်၍ အခါအားလျော်စွာ ထုတ်ပြန်ပြီး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ မိတ္တူပေးပို့ရမည်။

၈၀။ အဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာနများမှ ကျွမ်းကျင်သူများ၊ ပြင်ပကျွမ်းကျင်သူများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၈၁။ ဗဟိုအဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တင်ပြလာသည့် စိစစ်ချက်အစီရင်ခံစာအရ စုံစမ်းစစ်ဆေးရေး အဖွဲ့မှဆောင်ရွက်ရမည့် ဥပဒေပုဒ်မ ၁၇ (က) နှင့် (ခ) ဆောင်ရွက်ချက်များ ရရှိပြီးဖြစ်သကဲ့သို့ ပေါ်ပေါက်နေလျှင် လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

**[ ဆက်လက်ဖော်ပြပါမည် ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

၁။ ဦးထွန်းထွန်း

၂။ ဦးညီညီအောင်

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၆**

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆) အရ ကလေးပြုစုစောင့်ရှောက်ခွင့်ခံစားခဲ့သည့် ဦးစီးအရာရှိ ဦးရဲမင်းထွန်းအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလတာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

ကျော်တင့်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် )

အမှတ် ၅၈ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂)ဖြင့် ဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးကျော်မြင့်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီးဘိုဘိုဦး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |

(ဂ) ဦးဇော်နိုင်လင်း — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(ဃ) ဦးမြင့်အောင် — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ
ပြည်နယ်ဥပဒေချုပ်ရုံး

(င) ဦးစိုးပိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးမောင်မောင်ဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးမြင့်အောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

အိန္ဒိယနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၅၀၀) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ချေးငွေပေးအပ်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(၁) ဦးမောင်မောင်ဝင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဦးစိုးလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၃) ဦးကျော်မြင့်လှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၄) ဦးခင်မောင်ထွန်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးသူရိန်ဝင်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဒေါ်နွဲ့နွဲ့ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၇) ဦးညီဖြူလှ — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၈) ဒေါ်သီတာဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၉) ဦးမောင်မောင်တင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၀) ဦးခင်မောင်ကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၁) ဦးထွန်းထွန်းနိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၂) ဒေါ်စီစီပြုံး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ်၊ ၃၀/၂၀၁၅

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောစကားရပ်များသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) **ရန်ပုံငွေ**ဆိုသည်မှာ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး၊ နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းများနှင့် အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ တည်ထောင်သောရန်ပုံငွေကို ဆိုသည်။

(ဂ) **အခကြေးငွေ**ဆိုသည်မှာ ဤနည်းဥပဒေများအရ ပေးဆောင်ရသည့် မှတ်ပုံတင် ကြေး၊ တည်ထောင်ခွင့်ပြုမိန့်နှင့် ခွင့်ပြုချက်အတွက် အခကြေးငွေ၊ ဒဏ်ကြေးငွေနှင့် အခြား အခကြေးငွေများ ပါဝင်သည်။

(ဃ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသောပုံစံကို ဆိုသည်။

(င) **ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောရှေးဦးအရွယ်ကလေးသူငယ်** ဆိုသည်မှာ အောက်ပါ ရှေးဦးအရွယ် ကလေးသူငယ်တစ်ဦးဦးကို ဆိုသည် -

(၁) မိဘ သို့မဟုတ် အုပ်ထိန်းသူ မရှိသောသူ၊

(၂) တောင်းရမ်းစားသောက်သူ၊

(၃) အသက်ရှင်သန်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို ဖြည့်ဆည်းပေးနိုင်ပါလျက် ခိုင်လုံသောအကြောင်းမရှိဘဲ မိဘ၊ အုပ်ထိန်းသူက တမင် လျစ်လျူရှုထားခြင်းခံရသူ၊

(၄) ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ မလျော်မကန်ပြုမူသော၊ နှိပ်စက်ညှဉ်းပန်းသော၊ ရက်စက်ကြမ်းကြုတ်သော၊ မတရားပြုမူသော သို့မဟုတ် ယုတ်မာသောမိဘ၊ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသူ၊

(၅) စိတ်ပေါ့သွပ်သူ၊

(၆) ကူးစက်တတ်သောရောဂါစွဲကပ်နေသူ၊

(၇) လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်၍ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ အရေးပေါ် အခြေအနေကြောင့်ဖြစ်စေ ဆင်းရဲဒုက္ခရောက်နေသူ သို့မဟုတ် ခိုကိုးရာမဲ့ဖြစ်နေသူ၊

(၈) လူကုန်ကူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် အဖိုးစားနားဖြင့် လဲလှယ်ခြင်းခံရသူ၊

(၉) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သူ။

## အခန်း (၂)

## ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ပိုမိုထိရောက်အောင်မြင်ရေးအတွက် အထောက်အကူပြုရန်အလို့ငှာ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အောက်ပါလုပ်ငန်းတာဝန်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်တစ်ဝန်းလုံး မွေးကင်းစမှ ရှစ်နှစ်အရွယ်အထိ ရှေးဦးအရွယ်ကလေးသူငယ် များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရ နှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုများရရှိစေရန် လုပ်ငန်းအစီအစဉ်များ ချမှတ်၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နေ့ကလေးထိန်းဌာနများတွင် အသက်ခြောက်လမှ အသက်သုံးနှစ် မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုများ ရရှိစေရန် ပြုစုပျိုးထောင်ရေးအတွက် သုတေသနပြုလုပ်ခြင်းနှင့် သုံးနှစ်မပြည့်မီ ကလေးများ ပြုစုပျိုးထောင်ရေးလမ်းညွှန်ကို ဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်ရေးအတွက် ပြုစုတင်ပြခြင်း၊

(ဂ) မူလတန်းကြိုကျောင်းများတွင် အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ် ပြည့်သော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘဝ တစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ရေး အတွက် သုတေသနပြုလုပ်ခြင်းနှင့် သင်ရိုးညွှန်းတမ်းများကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို မြို့များတွင်သာမက ကျေးရွာများအထိပါ နိုင်ငံတော် တစ်ဝန်းလုံး

ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ တည်ထောင် ဖွင့်လှစ်ခြင်းနှင့် သင့်လျော်သော အကူအညီများ၊ အထောက်အပံ့များပေးခြင်း၊

(င) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီနှင့် အသိပညာ ပေးခြင်း၊

(စ) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း တာဝန်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင် ဖွင့်လှစ်သော နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ပြုစုပျိုးထောင်ခြင်း ရှိ မရှိကို လည်းကောင်း၊ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ ကိုလည်းကောင်း၊ ဥပဒေနှင့် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု ရှိ မရှိကို လည်းကောင်း စစ်ဆေးခြင်း၊ သင့်လျော်သော အရာထမ်း၊ အမှုထမ်းများကို စစ်ဆေးရန် တာဝန်ပေးခြင်း သို့မဟုတ် ယင်းအရာထမ်း၊ အမှုထမ်းများ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ရှေးဦးအရွယ်ကလေးသူငယ်များအား အခြေခံကျန်းမာရေး စောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင် ဆောင်ရွက်ခွင့်ရရှိစေရန် အကူအညီပေးခြင်းနှင့် ရှေးဦးအရွယ်ကလေးသူငယ်များအား ဖြည့်စွက်အာဟာရ ကျွေးမွေးရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) ရန်ပုံငွေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တို့၌ ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွဲဝေအသုံးပြုခွင့် ပေးသည့်အတိုင်း လိုအပ်သော လုပ်ငန်းများတွင် သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ကလေးသူငယ်များအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လွဲမှားစွာ ပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ထိရောက်သော ပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အရေးယူရန် သင့်လျော်သော အရာထမ်း၊ အမှုထမ်းများကို တာဝန်ပေးခြင်း၊

(ဋ) နေ့ကလေးထိန်းဌာနများရှိ ဆရာ၊ ဆရာမများအတွက် အသက်သုံးနှစ် မပြည့်သေး သူများပြုစုပျိုးထောင်ရေး သင်တန်းများကိုလည်းကောင်း၊ မူလတန်းကြိုကျောင်းများရှိ ဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကိုလည်းကောင်း နေပြည်တော်နှင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခြင်း၊

(ဌ) လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာ အစိုးရဌာနနှင့် အဖွဲ့အစည်းများထံမှ တောင်းခံရယူ စုစည်းပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဍ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့၏ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၃)

## နေ့ကလေးထိန်းဌာန တည်ထောင်ဖွင့်လှစ်ခြင်း

၄။ အသက်သုံးနှစ် မပြည့်သေးသော ငါးဦးနှင့်အထက် ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရေးအတွက် ပြုစုပျိုးထောင်ပေးရန်အလို့ငှာ နေ့ကလေးထိန်းဌာနကို တည်ထောင်ဖွင့်လှစ်လိုသော ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၁၇ ပါ နေ့ကလေးထိန်းဌာန တည်ထောင်ဖွင့်လှစ်ခြင်းအတွက် လိုအပ်ချက်များနှင့် ညီညွတ်ပါက -

(က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာ ပုံစံ (က) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန တို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေး အတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (ခ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၅။ နည်းဥပဒေ ၄ အရ နေ့ကလေးထိန်းဌာနကို တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားသည့် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်ခွင့် ပြုရန် လျှောက်လွှာနှင့် အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) အသက်သုံးနှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်ဦးရေ၊

(ခ) နေ့ကလေးထိန်းဌာန အဆောက်အဦအမျိုးအစားနှင့် အကျယ်အဝန်း၊ နေ့ကလေးထိန်း အခန်းအရေအတွက်နှင့်အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် ယင်း အထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဂ) နေ့ကလေးထိန်းဌာနအဆောက်အအုံ တည်နေရာလိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ၊

(ဃ) ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမ အသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံကြောင်း အသိအမှတ်ပြုသော အသက်သုံးနှစ် မပြည့်သေးသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခု အောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (နိုင်ငံခြားသားဖြစ်ပါက နိုင်ငံနှင့် နိုင်ငံသားအမည်၊ ပတ်စ်ပို့နှင့်ဗီဇာ) အထောက်အထားမိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊ ၎င်းတို့၏ ကျန်းမာကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) သင်ရိုးညွှန်းတမ်းနှင့် ရက်သတ္တအပတ်စဉ် သင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဈ) ဝန်ကြီးဌာနမှ တည်ထောင်ဖွင့်လှစ်ပြီးသော သက်ဆိုင်ရာ ခရိုင်လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင် ခွင့်ပြုမိန့်ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာ အကူအညီ ပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် -

(က) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ နည်းဥပဒေ ၆ အရ တင်ပြချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ နေ့ကလေးထိန်းဌာန အတွက် သတ်မှတ်ထားသော သက်တမ်းနှင့် စည်းကမ်းချက်အတိုင်း တည်ထောင် ခွင့်ပြုမိန့်ကို ပုံစံ (ဂ) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ ဗဟိုကြီးကြပ်ရေး အဖွဲ့က သတ်မှတ်ထားသည့် သက်တမ်းအပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အောက်ဖော်ပြပါ ရှေးဦးအရွယ် ကလေးသူငယ် ဦးရေအလိုက် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေများကို ပေးသွင်းစေရမည် -

(၁) ရှေးဦးအရွယ် ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၂) ရှေးဦးအရွယ် ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၃) ရှေးဦးအရွယ် ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၄) ရှေးဦးအရွယ် ကလေးသူငယ် ၁၀၀ ဦးနှင့် အထက် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေများကို စီးပွားရေး အကျိုးအမြတ်အတွက် မဟုတ်ဘဲ စေတနာ့ ဝန်ထမ်း သို့မဟုတ် ကိုယ့်အားကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော နေ့ကလေးထိန်း ဌာနများအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက် တင်ပြရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက် အပေါ် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြသည့် သဘောထားမှတ်ချက်နှင့် လျှောက်ထားချက်တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့၏ နည်းဥပဒေ ၈ အရ တင်ပြချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြု နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ နေ့ကလေးထိန်းဌာန အတွက် သတ်မှတ်ထားသော သက်တမ်းနှင့် စည်းကမ်းချက်အတိုင်း တည်ထောင် ခွင့်ပြုမိန့်ကို ပုံစံ (ဃ) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသည့် သက်တမ်းအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အောက်ဖော်ပြပါ ရှေးဦးအရွယ်ကလေးသူငယ်ဦးရေ အလိုက် တည်ထောင်ခွင့်ပြုမိန့်အတွက် အခကြေးငွေများကို ပေးသွင်းစေရမည် -

(၁) ရှေးဦးအရွယ် ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၂) ရှေးဦးအရွယ် ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၃) ရှေးဦးအရွယ် ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၄) ရှေးဦးအရွယ် ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေများကို စီးပွားရေး အကျိုးအမြတ်အတွက်မဟုတ်ဘဲ စေတနာ့ ဝန်ထမ်း သို့မဟုတ် ကိုယ့်အားကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော နေ့ကလေးထိန်း ဌာနများအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၀။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) အသက်သုံးနှစ်မပြည့်သေးသော ကလေးများအား ပြုစုပျိုးထောင်ရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အောက်ပါအချက်များပါဝင်သော သုံးနှစ်မပြည့်မီကလေးများ ပြုစု ပျိုးထောင်ရေးလမ်းညွှန်ကို ထုတ်ပြန်သတ်မှတ်နိုင်ရေးအတွက် ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြရမည် -

(၁) ဘက်စုံဖွံ့ဖြိုးမှုအတွက်ပံ့ပိုးသော ပတ်ဝန်းကျင်ဖန်တီးပေးရေး၊

(၂) ကာယလှုပ်ရှား ဖွံ့ဖြိုးရေး၊

(၃) လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးရေး၊

(၄) သိမှု ဖွံ့ဖြိုးရေး၊

(၅) ဘာသာစကား ဖွံ့ဖြိုးရေး၊

(၆) ကျန်းမာရေး၊

(၇) အာဟာရ ပြည့်ဝရေး၊

(၈) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊

(၉) မတော်တဆထိခိုက်မှုနှင့် အဆိပ်အန္တရာယ်ဖြစ်ပွားမှုများမှ ကာကွယ်ရေး၊

(၁၀) ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားပြုစု ပျိုးထောင်ရေး အချက်များ။

(ခ) ဝန်ကြီးဌာနကသတ်မှတ်သော သုံးနှစ်မပြည့်မီကလေးများ ပြုစုပျိုးထောင်ရေး လမ်းညွှန်ချက်နှင့်အညီ အသက်သုံးနှစ်မပြည့်သေးသော ကလေးများအား ပြုစုပျိုးထောင်ခြင်း ရှိ မရှိ နေ့ကလေးထိန်းဌာနကို တည်ထောင် ဖွင့်လှစ်သူများကို အနီးကပ်စောင့်ကြည့်ပြီး လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ရမည်။

၁၁။ နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် -

(က) တာဝန်ခံကျောင်းအုပ်ကို ခန့်ထားရမည်။ ထိုသို့ခန့်ထားရာတွင် အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ပြီး အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာအောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာဒေသ အခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည် အချင်းနှင့် ပြည့်စုံသူကိုသာ ခန့်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခန့်ထားသော တာဝန်ခံကျောင်းအုပ်မှာ လူမှုဝန်ထမ်းဦးစီး ဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံပြီး အသိအမှတ် ပြုသော အသက်သုံးနှစ် မပြည့်သေးသူများ ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူ ဖြစ်စေရမည်။ ထို့ပြင် ဆရာ၊ ဆရာမ အနည်းဆုံး တစ်ဦးမှာ အဆိုပါ ပြုစုပျိုးထောင်ရေးသင်တန်းတစ်ခုခုကို တက်ရောက် အောင်မြင်ပြီးသူ ဖြစ်စေရမည်။

(ဂ) အသက်သုံးနှစ်မပြည့်မီ ကလေးများ ပြုစုပျိုးထောင်ရေးလမ်းညွှန်အပြင် သီးခြား ညွှန်ကြားချက်များနှင့်အညီ ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုစောင့်ရှောက် ရမည်။

(ဃ) အသက်တစ်နှစ် မပြည့်သေးသူများအတွက် အိပ်ရန်နေရာ၊ ကစားရန်နေရာနှင့် ပစ္စည်းများ စီစဉ်ထားရှိရမည့်အပြင် အသက်တစ်နှစ်ပြည့်ပြီး အသက်သုံးနှစ် မပြည့်သေးသူများ အတွက်လည်း သင့်လျော်သော နေရာနှင့်ပစ္စည်းများ စီစဉ်ထားရှိ ရမည်။

(င) အသက်နှစ်နှစ်အောက် ကလေးသုံးဦးလျှင် ဆရာတစ်ဦး၊ အသက်နှစ်နှစ်မှ သုံးနှစ် အထိ ကလေးခြောက်ဦးလျှင် ဆရာတစ်ဦး ရှိရမည်။

(စ) နေ့ကလေးထိန်းဌာနဖွင့်လှစ်မည့် အဆောက်အအုံသည် ရှေးဦးအရွယ်ကလေး သူငယ် တစ်ဦးစီအတွက် အနည်းဆုံးဧရိယာ ပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်။

(ဆ) တည်ထောင်ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဇ) နည်းဥပဒေခွဲ (က) မှ (ဆ) အထိ လိုအပ်ချက်များအပြင် ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့်လည်း ညီညွတ်ရမည်။

၁၂။ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင် ခွင့်ပြုမိန့် ရရှိသူသည် -

(က) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ တည်ထောင် ဖွင့်လှစ်လိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (င) နှင့်အတူ နည်းဥပဒေ ၅ ပါ အထောက် အထားများ ပူးတွဲတင်ပြရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းအတွက် နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အခကြေးငွေအတိုင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ခကို ပေးသွင်းရမည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၁၂ အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၁၂ အရ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ (က) အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နေကလေးထိန်းဌာနအတွက် သတ်မှတ်ထားသော သက်တမ်းအတိုင်း သက်တမ်းတိုးမြှင့်ပေး သည့် ခွင့်ပြုမိန့်ကို ပုံစံ (ဂ) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၄။ ပြည်ပမှ နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် -

(က) တည်ထောင်ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်တည်ထောင် ဖွင့်လှစ်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန

တို့မှ တစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်ရေး အတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (စ)နှင့်အတူ နည်းဥပဒေ ၅ ပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းအတွက် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အခကြေးငွေအတိုင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ခကို ပေးသွင်းရမည်။

၁၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၁၄ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နေ့ကလေးထိန်းဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက် တင်ပြရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၁၄ အရ တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တင်ပြချက် တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ပေးပြီး ထိုသို့ သက်တမ်းတိုးမြှင့်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (ဃ) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၄)
## မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း

၁၆။ ငါးဦးနှင့်အထက် အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသော ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ပြုစုပျိုးထောင် ပေးရန်အလို့ငှာ မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုသော ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၁၈ ပါ မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း အတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက -

(က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (ဆ) ဖြင့် လျှောက်ထား ရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန တို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (ဇ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၁၇။ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် နည်းဥပဒေ ၁၆ အရ မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေး သူငယ်များနှင့် အသက်ငါးနှစ် ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသော ရှေးဦးအရွယ်ကလေးသူငယ်ဦးရေ၊

(ခ) မူလတန်းကြိုကျောင်း အဆောက်အအုံအမျိုးအစားနှင့် အကျယ်အဝန်း၊ မူလတန်းကြိုကျောင်းအခန်းအရေအတွက်နှင့် အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့် အထောက်အထား များနှင့် ယင်းအထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံတည်နေရာ လိပ်စာ၊ ဆက်သွယ်ရန် ဖုန်း နံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ၊

(ဃ) မူလတန်းကြိုအရွယ် ကလေးများအား ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမအသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံကြောင်း အသိအမှတ်ပြုသော မူလတန်းကြိုကျောင်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်းတစ်ခုခု အောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (နိုင်ငံခြားသားဖြစ်ပါက နိုင်ငံနှင့် နိုင်ငံသားအမည်၊ ပတ်စ်ပို့နှင့်ဗီဇာ) အထောက်အထား မိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊ ၎င်းတို့၏ ကျန်းမာကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ထောက်ခံချက်၊

(ဆ) သင်ရိုးညွှန်းတမ်းနှင့် ရက်သတ္တ အပတ်စဉ်သင်ကြားမှု အချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဈ) ဝန်ကြီးဌာနက တည်ထောင်ဖွင့်လှစ်ပြီးသော သက်ဆိုင်ရာ ခရိုင်လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့် ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာ အကူအညီ ပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) အရ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ နည်းဥပဒေ ၁၈ အရ တင်ပြချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ မူလတန်းကြိုကျောင်း အတွက် သတ်မှတ်ထားသော သက်တမ်းနှင့်စည်းကမ်းချက်အတိုင်း တည်ထောင်ခွင့်ပြုမိန့်ကို ပုံစံ (ဈ) ဖြင့် ထုတ်ပေးရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ ဗဟိုကြီးကြပ်ရေး အဖွဲ့က သတ်မှတ်ထားသည့် သက်တမ်းအပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အောက်ဖော်ပြပါ ရှေးဦးအရွယ် ကလေးသူငယ် ဦးရေအလိုက် တည်ထောင် ခွင့်ပြုမိန့်အတွက် အခကြေးငွေများကို ပေးသွင်းစေရမည် -

(၁) ရှေးဦးအရွယ် ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၂) ရှေးဦးအရွယ် ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၃) ရှေးဦးအရွယ် ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၄) ရှေးဦးအရွယ်ကလေးသူငယ် ၁၀၀ ဦးနှင့်အထက် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေများကို စီးပွားရေး အကျိုးအမြတ်အတွက်မဟုတ်ဘဲ စေတနာ့ ဝန်ထမ်း သို့မဟုတ် ကိုယ့်အားကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော မူလတန်းကြို ကျောင်းများအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြသည့် သဘောထားမှတ်ချက်နှင့် လျှောက်ထားချက်တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၂၁။ ဗဟို ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) အရ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်အပေါ် နည်းဥပဒေ ၂၀ အရ တင်ပြချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ မူလတန်းကြိုကျောင်း အတွက် သတ်မှတ်ထားသော သက်တမ်းနှင့်စည်းကမ်းချက်အတိုင်း တည်ထောင် ခွင့်ပြုမိန့်ကို ပုံစံ (ည) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသည့် သက်တမ်းအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် အောက်ဖော်ပြပါ ရှေးဦးအရွယ် ကလေးသူငယ်ဦးရေအလိုက် တည်ထောင်ခွင့်ပြုမိန့်အတွက် အခကြေးငွေများကို ပေးသွင်းစေရမည် -

(၁) ရှေးဦးအရွယ် ကလေးသူငယ် ၅ ဦးမှ ၁၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၂) ရှေးဦးအရွယ် ကလေးသူငယ် ၂၀ ဦးမှ ၄၉ ဦးထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၃) ရှေးဦးအရွယ်ကလေးသူငယ် ၅၀ ဦးမှ ၉၉ ဦးအထိ တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ၊

(၄) ရှေးဦးအရွယ် ကလေးသူငယ် ၁၀၀ ဦးနှင့် အထက် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေ။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် တည်ထောင်ခွင့်ပြုမိန့် အတွက် အခကြေးငွေများကို စီးပွားရေး အကျိုးအမြတ်အတွက်မဟုတ်ဘဲ စေတနာ့ ဝန်ထမ်း သို့မဟုတ် ကိုယ့်အားကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော မူလတန်းကြို ကျောင်းများအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာနက သတ်မှတ်သော မူလတန်းကြိုအရွယ် ကလေးများ ဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်းနှင့်အညီ မူလတန်းကြိုကျောင်းများတွင် အသက် သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ် ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ရာတွင် အသက်သုံးနှစ်နှင့် လေးနှစ်အကြားကို အငယ်အဆင့်၊ အသက် လေးနှစ်နှင့်အထက် ကလေးသူငယ်များကို အကြီးအဆင့်ဟူ၍ အဆင့်နှစ်ဆင့်ခွဲခြားပြီး အောက်ပါ အချက်များပါဝင်သော သင်ရိုးမာတိကာကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားရမည်-

(က) **အခြေခံကျွမ်းကျင်မှု (Basic Skill)** (ကစားခြင်း၊ လွတ်လပ်စွာ ပါဝင် လုပ်ဆောင်ခြင်း၊ ဘာသာစကားအပါအဝင် အောက်ဖော်ပြပါ ဖွံ့ဖြိုးမှုနယ်ပယ် အလိုက် လွတ်လပ်စွာ ပါဝင်လုပ်ဆောင်ခြင်းဖြင့် လေ့ကျင့်ပေးခြင်း)၊

(၁) **မိခင်ဘာသာစကား ပီသမှန်ကန်မှု** (မိခင်ဘာသာစကားကို ပီသ ယဉ်ကျေးစွာ ပြောဆိုတတ်ခြင်း၊ ကဗျာ၊ သီချင်းများကို သံစဉ်မှန်မှန်ဖြင့် ရွတ်ဆိုတတ်ခြင်း၊ ကလေးနှင့် ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများကို အသံထွက်မှန်မှန်ဖြင့် ပြောဆိုတတ်ရန် အားပေးခြင်း)၊

(၂) **အင်္ဂလိပ်ဘာသာစကား ပီသမှန်ကန်မှု** (လွယ်ကူသော သီချင်း၊ ကဗျာ များကို အသံထွက်မှန်မှန်၊ သံစဉ်မှန်မှန်ဖြင့် ရွတ်ဆိုတတ်ခြင်း၊ ကလေးနှင့် ကလေးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသံထွက်မှန်မှန်ဖြင့် ပြောဆို တတ်ရန် အားပေးခြင်း)၊

(၃) **သင်္ချာအခြေခံ ခွဲခြားနားလည်မှု** (ကစားရင်း လက်တွေ့ပြုလုပ်ခြင်းဖြင့် အကြီးအငယ်၊ အလေးအပေါ့၊ အနည်းအများ၊ အတိုအရှည်၊ အနိမ့်အမြင့်၊ အကျဉ်းအကျယ်၊ အပိန်အဝ၊ အနီးအဝေး၊ နေရာပြခြင်း၊ ပုံသဏ္ဌာန်နှင့် အရောင်အမျိုးမျိုးတို့ကို ခွဲခြားနိုင်ခြင်း)၊

( ခ ) **ကာယဖွံ့ဖြိုးမှု (Physical Development)** (ကာယဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး ဖွံ့ဖြိုးမှုအတွက် အခြေခံကိုယ်လက်အင်္ဂါများ သန်စွမ်းစေရန် အဆောက်အအုံ အတွင်းအပြင်၌ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ စုပေါင်းကစားခြင်း၊ တေးဂီတ နှင့် တွဲဖက်ကစားခြင်း၊ မြန်မာ့ရိုးရာကစားနည်းများ၊ တိုင်းရင်းသားရိုးရာ ကစားနည်းများကို ကစားခြင်းဖြင့် ခန္ဓာကိုယ်ဖွံ့ဖြိုးစေခြင်း)၊

( ဂ ) **စာရိတ္တဖွံ့ဖြိုးမှု (Moral Development)** (ပြည်သူ့နီတိနှင့် စာရိတ္တပညာတွင် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အသက်အရွယ်အလိုက် တာဝန်သိခြင်း၊ ယဉ်ကျေးစွာ ပြုမူပြောဆို နေထိုင်ဆက်ဆံတတ်ခြင်း၊ မိဘဆရာနှင့် ကြီးသူကို ရိုသေခြင်း၊ ငယ်သူကို သနားခြင်း၊ ရွယ်တူကို လေးစားခြင်းတို့ကို ပုံပြင်နားထောင်ခြင်း၊ ကဗျာ လင်္ကာရွတ်ဆိုခြင်းတို့ဖြင့် သိရှိစေကာ လက်တွေ့လိုက်နာ ဆောင်ရွက်တတ်ခြင်း)၊

(ဃ) **ရသခံစားမှု (Aesthetic Value)** (မြန်မာ့တေးဂီတ၊ အကတို့ကို သီဆိုကခုန်ခြင်း၊ တိုင်းရင်းသားတေးဂီတ၊ အက၊ သီချင်းတို့ကို သီဆိုကခုန်ခြင်း၊ အခြေခံပန်းချီ ပုံဆွဲခြင်း၊ အရောင်ခြယ်ခြင်းဖြင့် ပတ်ဝန်းကျင်သဘာဝအလှအပကို မြတ်နိုးခံစား တတ်သည့် အပြုသဘောဆောင်သော အလေ့အကျင့်ကောင်းများနှင့် တီထွင် ဖန်တီးမှု စွမ်းရည်များ တိုးတက်ရရှိခြင်း)၊

( င ) **မျိုးချစ်စိတ်ဓာတ် (National Building Spirit)** (မြန်မာသူရဲကောင်းပုံပြင်များ၊ တိုင်းရင်းသား ရိုးရာပုံပြင်များနှင့် အခြားပုံပြင်များကို နားထောင်စေခြင်းဖြင့် မျိုးချစ်စိတ်ဓာတ် ကိန်းအောင်း စေခြင်း၊ ဇာတ်နိပါတ်ပုံပြင်များထဲမှ ဇာတ်ကောင်များ၏ စရိုက်ကို ခွဲခြားသိရှိနားလည်စေခြင်း၊ အကောင်းမြင်လိုသောဆန္ဒ ကိန်းအောင်း မွေးမြူလာစေခြင်း)၊

( စ ) **ပတ်ဝန်းကျင်လေ့လာမှု အစီအစဉ် (Environmental Study)** (ကလေး၏ အာရုံငါးပါးကို အသုံးပြုပြီး ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့များကို သိရှိအောင် လေ့လာသင်ယူခြင်း၊ ကလေး၏ စိတ်ဝင်စားမှုအလျောက် ဆောင်ရွက်ခြင်း)၊

(ဆ) နည်းဥပဒေခွဲ (က) မှ (စ) အထိ လိုအပ်ချက်များအပြင် လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့်လည်း ညီညွတ်ရမည်။

၂၃။ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် -

(က) တာဝန်ခံကျောင်းအုပ်ကို ခန့်ထားရမည်။ ထိုသို့ခန့်ထားရာတွင် အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ပြီး အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုဖြစ်စေ၊ ကလေးသူငယ်ကျွမ်းကျင်မှုဆိုင်ရာ ဒီပလိုမာ အောင်လက်မှတ်ဖြစ်စေ ရရှိသူ သို့မဟုတ် သက်ဆိုင်ရာ ဒေသအခြေအနေအရ လူမှုဝန်ထမ်းဦးစီးဌာနက လက်ခံသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူကိုသာ ခန့်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခန့်ထားသော တာဝန်ခံကျောင်းအုပ်မှာ လူမှုဝန်ထမ်းဦးစီး ဌာနက ကြီးကြပ်ဖွင့်လှစ်သော သို့မဟုတ် သင့်လျော်သည်ဟု လက်ခံပြီး အသိအမှတ်ပြုသော မူလတန်းကြိုဆရာသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင် ပြီးသူ ဖြစ်စေရမည်။ ထို့ပြင် ဆရာ၊ ဆရာမ အနည်းဆုံး တစ်ဦးမှာ အဆိုပါ မူလတန်းကြိုဆရာသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူ ဖြစ်စေရမည်။

(ဂ) မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြား ညွှန်ကြားချက်များနှင့်အညီ မူလတန်းကြိုအရွယ် ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေး ရမည်။

(ဃ) အသက်သုံးနှစ်မှ ငါးနှစ်အတွင်းနှင့် ငါးနှစ်အထက် ကလေး ၁၅ ဦးလျှင် ဆရာတစ်ဦး ရှိရမည်။

(င) မူလတန်းကြိုကျောင်း ဖွင့်လှစ်မည့် အဆောက်အအုံသည် မူလတန်းကြိုအရွယ် ကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံးဧရိယာ ပျမ်းမျှ ၁၈ စတုရန်းပေစီ အကျယ်အဝန်း ရှိရမည်။

(စ) တည်ထောင်ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) နည်းဥပဒေခွဲ (က) မှ (စ) အထိ လိုအပ်ချက်များအပြင် လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့်လည်း ညီညွတ်ရမည်။

၂၄။ ပြည်တွင်းမှ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် -

(က) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ တည်ထောင် ဖွင့်လှစ်လိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (၅) နှင့်အတူ နည်းဥပဒေ ၅ ပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းအတွက် နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ဂ)တွင် သတ်မှတ်ထားသည့် အခကြေးငွေအတိုင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ခကို ပေးသွင်းရမည်။

၂၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၂၄ အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၄ အရ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ

(က) အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက ဗဟို ကြီးကြပ်ရေးအဖွဲ့၏ မူလတန်းကြိုကျောင်းအတွက် သတ်မှတ်ထားသော သက်တမ်း နှင့်စည်းကမ်းချက်အတိုင်း သက်တမ်းတိုးမြှင့်ပေးပြီး ထိုသို့ သက်တမ်းတိုးမြှင့် ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (ဈ) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၆။ ပြည်ပမှ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် -

(က) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ တည်ထောင် ဖွင့်လှစ်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က တည်ထောင် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (ဌ) နှင့်အတူ နည်းဥပဒေ ၅ ပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

(ခ) တည်ထောင်ခွင့်ပြုမိန့် သက်တမ်းအတွက် နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (ဂ)တွင် သတ်မှတ်ထားသည့် အခကြေးငွေအတိုင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ခကို ပေးသွင်းရမည်။

၂၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၂၆ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၆ အရ တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့် ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ပေးပြီး ထိုသို့ သက်တမ်းတိုးမြှင့်ပေးသည့် ခွင့်ပြုမိန့်ကို ပုံစံ (ည) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၈။ မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် မူလတန်းကြိုကျောင်း၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုရန် မူလတန်းကြိုကျောင်း မိဘဆရာအသင်းကို ဖြစ်စေ၊ ကျောင်းကြီးကြပ် ရေးကော်မတီကိုဖြစ်စေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကိုဖြစ်စေ မူလတန်းကြိုကျောင်း အမျိုးအစားနှင့် အညီ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်လိုက ဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေး သင်တန်းများ ဖွင့်လှစ်ခြင်း

၂၉။ နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများတွင် တာဝန်ထမ်းဆောင်လိုသော တာဝန်ခံကျောင်းအုပ်နှင့် အနည်းဆုံး ဆရာ၊ ဆရာမ တစ်ဦးသည် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခုကိုသော် လည်းကောင်း၊ သင့်လျော်သည့် သင်တန်းဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြု လက်ခံသောရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး ပုဂ္ဂလိကသင်တန်းတစ်ခုခုကိုသော် လည်းကောင်း တက်ရောက်အောင်မြင်ပြီးသူများ ဖြစ်ရမည်။

၃၀။ (က) ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများရှိ တာဝန်ခံကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးသည့် ပုဂ္ဂလိကသင်တန်းတစ်ခုခုကို တည်ထောင်ဖွင့်လှစ်သင်ကြားလိုပါက သင့်လျော်သည့် သင်တန်းဖြစ်ကြောင်း အသိ အမှတ်ပြု လက်မှတ်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (ဃ) ဖြင့် လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ သင့်လျော်သည်ဟု လက်ခံပါက ထိုသို့ သင့်လျော်သည့် သင်တန်းဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို ပုံစံ (ပ) ဖြင့် ထုတ်ပေးရမည်။

## အခန်း (၆)

## ရပ်ရွာအခြေပြုလုပ်ငန်းများနှင့် အိမ်အခြေပြုလုပ်ငန်းများ

၃၁။ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခုက ရပ်ရွာအခြေပြုလုပ်ငန်းကိုလည်းကောင်း၊ ယင်းအဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ဝန်ထမ်းမိခင်တစ်ဦး သို့မဟုတ် မိခင်များက အိမ်အခြေပြုလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ရေးအတွက် ခွင့်ပြုချက်ရရှိရန် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါအထောက်အထားများ ပူးတွဲ၍ လျှောက်ထားရမည် -

(က) ကလေးဦးရေ စာရင်း၊

(ခ) ဝန်ထမ်းအင်အား စာရင်း၊

(ဂ) တာဝန်ခံဆောင်ရွက်သူ၏ အနည်းဆုံး အခြေခံပညာအလယ်တန်း အောင်မြင် ပြီးကြောင်း အထောက်အထား၊

(ဃ) အဆောက်အအုံ အမျိုးအစားနှင့် အကျယ်အဝန်း၊ အခန်းအရေအတွက်နှင့် အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားနှင့် ယင်းအထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(င) ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်း အဆောက်အအုံ တည်နေရာ လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ၊

(စ) သင်ယူမှုနေရာများထားရှိထားကြောင်း နေရာ၊ အဆောက်အအုံ အထောက်အထား ဓာတ်ပုံများ၊

(ဆ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဇ) ဝန်ကြီးဌာနမှ တည်ထောင်ဖွင့်လှစ်ပြီးသော သက်ဆိုင်ရာ ခရိုင်လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ဈ) ပရိဘောဂ၊ လုပ်ငန်းသုံးပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(ည) တည်ထောင်ခွင့်ပြုမိန့် ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာ အကူအညီ ပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၃၂။ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရပ်ရွာအခြေပြုလုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာ ပုံစံ (ဏ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၃၃။ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ဝန်ထမ်း မိခင်တစ်ဦးကဖြစ်စေ၊ မိခင်များကဖြစ်စေ အနီးပတ်ဝန်းကျင်ရှိ ရှေးဦးအရွယ်ကလေးသူငယ်တို့ကို အိမ်တစ်အိမ်တွင် စုစည်း၍ လုံခြုံစိတ်ချရသော နေရာနှင့် လုံ့ဆော်မှုကောင်းသော သင်ယူမှုပတ်ဝန်းကျင်တို့ကို ဖန်တီးပြီး ဆောင်ရွက်သော အိမ်အခြေပြု လုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (တ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၃၂ သို့မဟုတ် နည်းဥပဒေ ၃၃ အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြု လုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် -

(က) နည်းဥပဒေ ၃၂ သို့မဟုတ် နည်းဥပဒေ ၃၃ အရ ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ နည်းဥပဒေ ၃၄ အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကို ပေးသွင်းစေပြီး ရပ်ရွာအခြေပြု လုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ထ) ဖြင့် လည်းကောင်း၊ အိမ်အခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ဒ) ဖြင့် လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။ သို့ရာတွင် စီးပွားရေး အကျိုးအမြတ်အတွက် မဟုတ်ဘဲ

စေတနာ့ဝန်ထမ်း သို့မဟုတ် ကိုယ့်အား ကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းများအား နှစ်စဉ်ကြေးကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ခွင့်ပြုချက်လျှောက်ထားသူ၏ဆန္ဒကို အလေးထားပြီး ခွင့်ပြုချက်သက်တမ်းကို သတ်မှတ်ပေးရမည်။

၃၆။ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရပ်ရွာအခြေပြုလုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာ ပုံစံ (ဓ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၃၇။ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှု သို့မဟုတ် စီမံခန့်ခွဲမှုဖြင့် စေတနာ့ဝန်ထမ်း မိခင်တစ်ဦးကဖြစ်စေ၊ မိခင်များကဖြစ်စေ အနီးပတ်ဝန်းကျင်ရှိ ရှေးဦးအရွယ် ကလေးသူငယ်တို့ကို အိမ်တစ်အိမ်တွင် စုစည်း၍ လုံခြုံစိတ်ချရသောနေရာနှင့် လှုံ့ဆော်မှုကောင်းသော သင်ယူမှုပတ်ဝန်းကျင်တို့ကိုဖန်တီးပြီး ဆောင်ရွက်သော အိမ်အခြေပြု လုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ လျှောက်လွှာပုံစံ (န) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၃၀၀ ကျပ်တန် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၃၆ သို့မဟုတ် နည်းဥပဒေ ၃၇ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြု လုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၃၆ သို့မဟုတ် နည်းဥပဒေ ၃၇ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြု လုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၄၀။ လူမှုဝန်ထမ်းဦးစီးဌာနသည် နည်းဥပဒေ ၃၆ သို့မဟုတ် နည်းဥပဒေ ၃၇ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြု လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ် လူမှုဝန်ထမ်းရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့၏ နည်းဥပဒေ ၃၈ နှင့် နည်းဥပဒေ ၃၉ တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြရမည်။

၄၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) နည်းဥပဒေ ၃၆ သို့မဟုတ် နည်းဥပဒေ ၃၇ အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရေးအတွက် ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက် အပေါ် နည်းဥပဒေ ၃၈၊ ၃၉ နှင့် ၄၀ တို့ အရ တင်ပြချက်တို့ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုချက်အတွက် နှစ်စဉ်ကြေးကိုပေးသွင်းစေပြီးရပ်ရွာအခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကိုပုံစံ (ပ) ဖြင့် လည်းကောင်း၊ အိမ်အခြေပြုလုပ်ငန်းအတွက် ခွင့်ပြုချက်ကို ပုံစံ (ဖ)ဖြင့် လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည်။ သို့ရာတွင် စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ စေတနာ့ဝန်ထမ်း သို့မဟုတ် ကိုယ့်အား ကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သော ရပ်ရွာအခြေပြု လုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းများအား နှစ်စဉ်ကြေးကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ခွင့်ပြုချက်လျှောက်ထားသူ၏ ဆန္ဒကို အလေးထားပြီး ခွင့်ပြုချက်သက်တမ်းကို သတ်မှတ်ပေးရမည်။

၄၂။ ပြည်တွင်း ပြည်ပမှ ခွင့်ပြုချက်ရရှိသူသည် ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် -

(က) ရပ်ရွာအတွင်းရှိ ရှေးဦးအရွယ်ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးကို ဦးတည်၍ ပြုစုပျိုးထောင် လေ့ကျင့်သည့်လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) တာဝန်ခံဆောင်ရွက်သူသည် အနည်းဆုံး အခြေခံပညာအလယ်တန်း အောင်မြင် ပြီးသူ ဖြစ်ရမည်။

(ဂ) ရပ်ရွာအတွင်းရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်သည့် နေရာ သို့မဟုတ် နေအိမ် သည် သပ်ရပ်လုံခြုံမှုရှိပြီး သင့်တင့်သော အကျယ်အဝန်းရှိရမည်။

(ဃ) သန့်ရှင်းကောင်းမွန်သော ရေအိမ်စနစ်ရှိရမည်။

(င) ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(စ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အချက်များနှင့် ညီညွတ်ရမည်။

၄၃။ ပြည်တွင်းမှ ရပ်ရွာအခြေပြုလုပ်ငန်းအတွက်ဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းအတွက်ဖြစ်စေ ခွင့်ပြုချက် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးနိုင်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ရုံးသို့ လျှောက်လွှာပုံစံ (ဗ) ဖြင့် လျှောက်ထားရမည်။ ထိုလျှောက်လွှာတွင် ၂၀၀ ကျပ်တန် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်<br>( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

### ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ချင်းပြည်နယ်** အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဦးရမ်ဇမန်း | ၄/ဖလန (နိုင်) ၀၄၅၀၈၄ | ဖလမ်းမြို့နယ် |
| (၂) | ဒေါ်ဒိမ့်စန်းကိမ် | ၄/တတန (နိုင်) ၀၄၇၂၂၆ | တီးတိန်မြို့နယ် |
| (၃) | ဦးဇင်ဖြိုးနိုင် | ၈/တတက (နိုင်) ၁၈၂၉၀၉ | တွန်းဇံမြို့နယ် |
| (၄) | ဦးထောင်ဇဆန်း | ၄/ထတလ (နိုင်) ၀၃၈၉၁၂ | ဟားခါးမြို့နယ် |
| (၅) | ဒေါ်စုစုမွန် | ၉/ကဆန (နိုင်) ၁၀၄၉၃၅ | ထန်တလန်မြို့နယ် |
| (၆) | ဒေါ်လင်းလဲ့ရွှေရည် | ၈/မကန (နိုင်) ၂၃၁၁၈၈ | မင်းတပ်မြို့နယ် |
| (၇) | ဒေါ်ဟေမာလှသိန်း | ၉/အမဇ (နိုင်) ၀၂၁၇၆၄ | ကန်ပက်လက်မြို့နယ် |
| (၈) | ဒေါ်ဟန်မီမီကျော် | ၈/မကန (နိုင်) ၂၁၇၅၇၆ | ပလက်ဝမြို့နယ် |
| (၉) | ဒေါ်ချစ်စုလှိုင် | ၁၂/မဂတ (နိုင်) ၀၉၁၆၉၈ | မတူပီမြို့နယ် |

### အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆

### ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ

**မွန်ပြည်နယ်** အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** | **ကော်မရှင်အဖွဲ့ခွဲရုံး** |
|---|---|---|---|
| (၁) | ဒေါ်အိသဲလင်း | ၁၄/သပန (နိုင်) ၁၀၈၂၇၈ | ကျိုက်မရောမြို့နယ် |
| (၂) | ဒေါ်ယဉ်ဝင်းဟန် | ၁၀/ရမန (နိုင်) ၁၄၅၉၃၁ | ချောင်းဆုံမြို့နယ် |
| (၃) | ဒေါ်ရွှေရည်ဖြိုးမြင့် | ၁၀/မလမ (နိုင်) ၂၁၅၆၉၆ | ရေးမြို့နယ် |
| (၄) | ဒေါ်ယဉ်ယဉ်ဝင်း | ၁၀/မဒန (နိုင်) ၁၇၄၆၇၂ | သံဖြူဇရပ်မြို့နယ် |
| (၅) | ဒေါ်ခိုင်ချိုချိုထက် | ၁၀/မလမ (နိုင်) ၂၀၄၅၉၉ | ပေါင်မြို့နယ် |

## အမိန့်ကြော်ငြာစာအမှတ် ၁၁၇/၂၀၁၆

## ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ရန်ကုန်တိုင်းဒေသကြီး** အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** | **ကော်မရှင်အဖွဲ့ခွဲရုံး** |
|---|---|---|---|
| (၁) | ဒေါ်ဆုမွန်အောင် | ၁၂/ဥကတ (နိုင်) ၁၇၁၉၄၂ | တိုက်ကြီးမြို့နယ် |
| (၂) | ဦးစောယောရှု | ၁၂/အစန (နိုင်) ၀၆၅၁၇၅ | ထန်းတပင်မြို့နယ် |
| (၃) | ဒေါ်အိအိမာ | ၁၂/မဂဒ (နိုင်) ၁၃၃၄၂၀ | ရွှေပြည်သာမြို့နယ် |
| (၄) | ဦးမျိုးလှိုင်မြင့်ထွန်း | ၈/တတက (နိုင်) ၁၁၈၂၉၀ | လှိုင်သာယာမြို့နယ် |
| (၅) | ဦးအာကာဟိန်း | ၁၂/ဒဂတ (နိုင်) ၀၆၅၀၇၀ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် |
| (၆) | ဒေါ်သဇင်အေး | ၁၂/ဒဂမ (နိုင်) ၀၁၅၈၅၃ | ဒေါပုံမြို့နယ် |
| (၇) | ဒေါ်အိမွန်မွန်ကျော် | ၉/တသန (နိုင်) ၁၁၅၇၃၂ | မင်္ဂလာတောင်ညွန့်မြို့နယ် |
| (၈) | ဒေါ်စုစုလွင် | ၁၂/ကတန (နိုင်) ၁၁၃၄၆၆ | ကျောက်တန်းမြို့နယ် |
| (၉) | ဒေါ်မြသဲဖြူ | ၁၂/စခန (နိုင်) ၀၀၁၆၉၀ | ကော့မှူးမြို့နယ် |
| (၁၀) | ဒေါ်မြသိင်္ဂီစိုး | ၉/စကတ (နိုင်) ၀၈၆၃၇၉ | ကွမ်းခြံကုန်းမြို့နယ် |
| (၁၁) | ဒေါ်သန်းသန်းမြတ် | ၅/မရန (နိုင်) ၂၈၆၉၃၆ | ခရမ်းမြို့နယ် |
| (၁၂) | ဒေါ်အေးနန္ဒာ | ၁၂/အစန (နိုင်) ၁၇၇၇၆၁ | ဆိပ်ကြီးခနောင်တိုမြို့နယ် |
| (၁၃) | ဒေါ်စိုးစိုး | ၉/မကန (နိုင်) ၁၀၄၉၇၂ | တွံတေးမြို့နယ် |
| (၁၄) | ဦးအောင်မြတ်စိုး | ၁၂/တကန (နိုင်) ၁၄၁၂၇၃ | ဒလမြို့နယ် |
| (၁၅) | ဒေါ်ထွေးအိငယ်ငယ်အောင် | ၁၁/ဂမန (နိုင်) ၀၃၅၇၉၈ | သုံးခွမြို့နယ် |
| (၁၆) | ဒေါ်ရင်ဝင်းဟန် | ၁၂/ကမရ (နိုင်) ၀၅၈၀၂၆ | သန်လျင်မြို့နယ် |
| (၁၇) | ဒေါ်အေးမြသီတာ | ၁၂/သကတ (နိုင်) ၁၆၄၂၅၇ | ကြည့်မြင်တိုင်မြို့နယ် |
| (၁၈) | ဒေါ်နှင်းသဥ္ဇာဦး | ၁၂/ကမတ (နိုင်) ၀၆၅၉၂၅ | စမ်းချောင်းမြို့နယ် |
| (၁၉) | ဒေါ်ဆွေဆွေထွန်း | ၁၂/ရပသ (နိုင်) ၀၅၃၃၁၆ | ဆိပ်ကမ်းမြို့နယ် |
| (၂၀) | ဒေါ်ဖြူမြတ်သူ | ၁၂/ဗတထ (နိုင်) ၀၃၆၈၈၃ | ဒဂုံမြို့နယ် |
| (၂၁) | ဒေါ်ဝင့်ဝင့်ကြည် | ၁၂/ရပသ (နိုင်) ၀၅၇၈၁၈ | မရမ်းကုန်းမြို့နယ် |
| (၂၂) | ဒေါ်အိအိခင် | ၁၂/ဥကမ (နိုင်) ၂၀၅၀၈၇ | လသာမြို့နယ် |
| (၂၃) | ဒေါ်မူယာ | ၈/နမန (နိုင်) ၁၃၂၃၃၂ | လှိုင်မြို့နယ် |
| (၂၄) | ဒေါ်ပွင့်ဖူးမောင်မောင် | ၁၂/အစန (နိုင်) ၁၉၂၅၉၆ | အလုံမြို့နယ် |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ရွှေထိုင်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

**(Golden Thai Trading Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ရွှေထိုင်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃-၁၁-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၃-၁၂-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန်းအိအိခေါင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေထိုင်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၅၀၇၁၁၇

**ရွှေထိုင်းစက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(Shwe Thai Industry & Mamufacturing Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ရွှေထိုင်းစက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလို အလျောက်ဖျက်သိမ်းရန် (၄-၁၁-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၄-၁၂-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန်းအိအိခေါင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေထိုင်းစက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း ၀၁-၅၀၇၁၁၇

**NET SMART DISTRIBUTION COMPANY LIMITED**

**ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **NET SMART DISTRIBUTION COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၂-၁၂-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၀၉း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## YARZA GON COMPANY LIMITED

### ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **YAR ZA GON COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၁၂-၁၂-၂၀၁၆

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၀၉း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊
လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## UNITY FORCE INTERNATIONAL COMPANY LIMITED

### ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **YNITY FORCE INTERNATIONAL COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၁၂-၁၂-၂၀၁၆

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၁း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊
လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Shwe Lin Kar Co., Ltd.**

**Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**(အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င(၁) အရ Shwe Lin Kar Co., Ltd. ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၀၈/၂၀၁၂-၁၃ (၈-၄-၂၀၁၁) ဖျက်သိမ်းခြင်းကို (၁၀-၁၂-၂၀၁၆) နေ့၊ နံနက် (၉း၀၀) နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi

Liquidator

No. 189, 2nd F1.(left), Middle Block, 39th Street,

Kyauktada Township, Yangon.

**Shwe Lin Kar Hotel Co., Ltd.**

**Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**(အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င(၁) အရ **Shwe Lin Kar Hotel Co., Ltd.** ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၁၄၅/၂၀၁၂-၁၃ (၂၅-၆-၂၀၁၂) ဖျက်သိမ်းခြင်းကို (၁၀-၁၂-၂၀၁၆) နေ့၊ နံနက် (၉း၀၀) နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi

Liquidator

No. 189, 2nd F1.(left), Middle Block, 39th Street,

Kyauktada Township, Yangon.

**Shwe Lin Kar Services Co., Ltd.**

**Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**(အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င(၁) အရ **Shwe Lin Kar Services Co., Ltd.** ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၄၉၆၃/၂၀၁၂-၁၃ (၁၉-၂-၂၀၁၃) ဖျက်သိမ်းခြင်းကို (၁၀-၁၂-၂၀၁၆) နေ့ နံနက် (၉း၀၀) နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi

Liquidator

No. 189, 2nd F1.(left), Middle Block, 39th Street,

Kyauktada Township, Yangon.

**Mother Love Manufacturing Co., Ltd.**

**Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**(အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င(၁) အရ **Mother Love Manufacturing Co., Ltd.** ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၆၄၇/၂၀၁၃-၁၄ (၅-၇-၂၀၁၃) ဖျက်သိမ်းခြင်းကို (၁၀-၁၂-၂၀၁၆) နေ့ နံနက် (၉း၀၀) နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi

Liquidator

No. 189, 2nd F1.(left), Middle Block, 39th Street,

Kyauktada Township, Yangon.

## Myanmar Polyworld Co., Ltd.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Myanmar Polyworld Co., Ltd.** အား (၅-၁၁-၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် (၁၁) (အေ/ဘီ) ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှသတ်မှတ်ထားသော (၁၁-၁၂-၂၀၁၆) ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Than Htaik Lwin
Managing Director
Myanmar Polyworld Co., Ltd.

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## In the matter of the Myanmar Companies Act
## LEGALLEX ADVISORY & MANAGEMENT LIMITED

**(In members Voluntary Winding-up)**

Notice of Special Resolutions pursuant to section 206 (1)

At the Extraordinary General Meeting of the Members of the Company held at Unit 514, Hledan Centre, Corner of Pyay Road and Hledan Street, Kamayut Township, Yangon Region, on 11th November, 2016 the following "Special Resolution" were passed:

**Special Resolutions: -**

1. That the Company be voluntarily wound-up by the members with effect from 11th November, 2016.

2. That Daw Khin Saw Yu, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No. 49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region before December, 2016.

Mr. Ho Chee Tong
Managing Director
Legallex Advisory & Management Ltd.

Khin Saw Yu
B. Com, (Q), C.P.A
Certified Public Accountants and Auditors

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၁-၁၁-၂၀၁၆။